# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၀၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ပေါ်တွင်မှီတည်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )**

ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ် အခါသမယ၌ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော ရခိုင်တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ


*စာမျက်နှာ ၃ ကော်လံ ၁ ☼*


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း Bagan Race 2024 အပြေးပြိုင်ပွဲတွင် ၁၄၃၀ ပါဝင်ယှဉ်ပြိုင်



ညောင်ဦး ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း Resources Venture International Publication မှ (၆) ကြိမ်မြောက် Bagan Race 2024 အပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၆ နာရီက အာနန္ဒာဘုရားကြီး တောင်ဘက်မုခ်မှစတင်၍ တာလွှတ်ကာ Bagan Race 2024 အပြေးပြိုင်ပွဲ ကျင်းပသည်။

Bagan Race 2024 အပြေးပြိုင်ပွဲကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ RVIPS Publication မှ အုပ်ချုပ်သူ စင်ကာပူနိုင်ငံသား Mr.Argus Ang နှင့် တာဝန်ရှိသူများက တာလွှတ်နိုင်ငံတော်အလံတို့အား ဝှေ့ယမ်းတာလွှတ်ပေးခဲ့ကြောင်း သိရသည်။ Bagan Race 2024 အပြေးပြိုင်ပွဲတွင် သုံးကီလိုမီတာတန်း၊ ငါးကီလိုမီတာတန်းနှင့် ၁၀ ကီလိုမီတာတန်းတို့ ပါဝင်ပြီး သုံးကီလိုမီတာတန်းအပြေးပြိုင်ပွဲတွင် ၂၀၅ ဦး၊ ငါးကီလိုမီတာတန်းအပြေးပြိုင်ပွဲတွင် ၉၅၅ ဦး၊ ၁၀ ကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင် ၂၇၀ ပါဝင်ယှဉ်ပြိုင်ကြကာ ၁၀ ကီလိုတန်းတွင်


*စာမျက်နှာ ၅ ကော်လံ ၁ ❍*





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❂ *ရှေ့ဖုံးမှ*

မင်္ဂလာရှိသောနေ့ ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ်ပါရှိခဲ့ပါသည်။ ယင်း ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပခဲ့သည့် ဒီဇင်ဘာလ (၁၅) ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် နှစ်(၅၀) ပြည့်မြောက်ပြီ ဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရှေးရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့် အားလျော်စွာ **"သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင့်ဘုရားပေါင်း"** ဆိုသည့် အတိုင်း သမိုင်းဝင်ရှေးဟောင်းစေတီပုထိုးများစွာ တည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသဖြင့် နိုင်ငံ့အတွက်အရေးပါသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ ရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

ယနေ့ အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို နိုင်ငံအခြေအနေနှင့်လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ကျန်နေသည့် ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

> **❑ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေး နည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်၊ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိ**

ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေး အခြေခံကျသည့် အုတ်မြစ်မှာ တရားမျှတ၍ သိက္ခာရှိသော နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံးတို့အတွက် ငြိမ်ချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက် (၂) ရပ်နှင့် အမျိုးသားရေး ရည်မှန်းချက် (၂) ရပ်တို့ကိုလည်း အထူးအလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လူသားတိုင်းအသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါ မတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏အဓိက ကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသ တိုင်းရင်းသား ပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသား ညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုင်းအဝိုင်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား / ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်း ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ် လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကိုမြှင့်တင်ပေးကြရန် လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကလည်း မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ် အပါအဝင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံတချို့မှ ဩဇာလွှမ်းမိုး ချုပ်ကိုင်လိုသည့်အတွက် ပြည်တွင်း မတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည် ဖြစ်ပါသည်။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ခဲ့သည့် MNDAA ၊ TNLA ၊ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား အခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင် သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခ ရောက်ခဲ့ကြရပါသည်။ အကြမ်းဖက် သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကို အကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာ ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြား ရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲထဲ အတင်းအဓမ္မ ရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းသော နည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ် ရောက်ရှိကြရေးတိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင် ဖြစ်ကြပါသည်။ ယနေ့ အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မျှော်တွေးကြရန် အရေးကြီးသည့် အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂ ကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို သက်စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်းစသည့် တိုင်းရင်းသားများနှင့် အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် မှန်ကန်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရအေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ် (၅၀) ပြည့် ရွှေရတု ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် လာအိုနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကျင်းပသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးနှင့် အမျိုးသား ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့် အရာရှိကြီးအဆင့် အကြိုညှိနှိုင်း အစည်းအဝေးများသို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးနှင့် အမျိုးသား ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အစည်းအဝေး ပထမနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၂ ရက်မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး ကော်မတီ အဆင့်မြင့် အရာရှိကြီးအဆင့် အကြိုညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူ စာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှု ကိစ္စရပ်များ၊ သဘောတူစာချုပ်၏ အခြေပြစာချုပ်ငယ်-၁ (GMS CBTA Protocol 1) အရ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်နေရာများ ဒုတိယအကြိမ် ထပ်မံ တိုးချဲ့ရေးအတွက် နားလည်မှုစာလွှာ မူကြမ်းနှင့် ဂျီအမ်အက်စ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်အရ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မှုနှင့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၁၃ ရက်တွင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးကို မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ ပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ဆက်လက်တက်ရောက်ရာ အစည်းအဝေးတွင် အမျိုးသား ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့် အရာရှိကြီးအဆင့် ညှိနှိုင်းအစည်းအဝေး (NTFC SOM) အစီရင်ခံစာ၊ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေး ပူးတွဲကြေညာချက်နှင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူ စာချုပ် အခြေပြစာချုပ်ငယ်-၁ (CBTA Protocol 1) ဆိုင်ရာ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက်နေရာများ ဒုတိယအကြိမ် ထပ်မံ တိုးချဲ့ရေးအတွက် နားလည်မှုစာလွှာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (GMS CBTA) ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်လက်မှတ် ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးမှ ၂၀၁၅ ခုနှစ်တွင် သဘောတူစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲ စာချုပ်ငယ်များနှင့် အခြေပြစာချုပ်ငယ်များကို လက်ခံ အတည်ပြုခဲ့ကြသည်။ အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန် ဆက်သွယ်ချိတ်ဆက်မှု တိုးတက်မှုများမှ အကျိုးအမြတ်များဖြစ်သည့် ယှဉ်ပြိုင်မှုတိုးတက်လာခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းဖြင့် ကုန်သွယ်မှုချောမွေ့လာခြင်း၊ ကုန်သွယ်မှု၊ ခရီးသွားမှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းနှင့် ဒေသတွင်းရှိ ပြည်သူများ၏ နေထိုင်မှု ဘဝများ တိုးတက်လာခြင်းတို့ကို ရယူရန်အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲအတွင်း ပိုမိုကောင်းမွန်သော၊ ကြွယ်ဝပြည့်စုံသော အခြေအနေသို့ ရောက်ရှိရန်အတွက် စာချုပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူ စာချုပ်ဆိုင်ရာ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရမည် ဖြစ်သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် ညပိုင်းတွင် မြန်မာ့အမျိုးသားလေကြောင်း ခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် ညီနောင်မိတ်ဖက်အသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းရှင်များဘက်ကလည်း ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဂီမုန်တိုင်းနှင့် နယ်မြေဒေသအခြေအနေများကြောင့် အချို့ကဏ္ဍများ၌ ထိခိုက်မှုရှိခဲ့သော်လည်း ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လ ကုန်ဆုံးချိန်တွင် GDP တိုးတက်မှုနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပါကြောင်း၊ အသင်းချုပ်အနေဖြင့် မူဝါဒဆိုင်ရာကိစ္စရပ်များတွင် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖြစ်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနေခြင်းကများစွာ အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

ထို့နောက် အသင်း၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ပြင်ပစာရင်းစစ် JF Group-Certified Public Accountants & Auditors ၏ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး မေးမြန်းအကြံပြုချက်များကို ဖြေကြားပေးကာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အမျိုးသားဇာတ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ညီနောင်အသင်းများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်စီးပွားရေး တက္ကသိုလ် စတင်ထူထောင်ခြင်း နှစ်(၆၀) ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်၍ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။(ယာပုံ)



မြတ်ဆရာ ပူဇော်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခေတ်အဆက်ဆက်ဦးဆောင်ဆောင်ရွက်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၏ စွမ်းဆောင်ပေးနိုင်ခဲ့မှုများ၊ စီးပွားရေးပညာရပ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ စီးပွားရေး ပညာရပ်များ အဆင့်ဆင့်တိုးတက် ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့ကို ဂုဏ်ပြုပြောကြားသည်။

ထို့အတူ ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ တင်တင်ထွေးက ဆရာကြီး ဆရာမကြီးများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပဆောင်ရွက်မှုကို ရှင်းလင်းကာ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများကလည်း မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ဝမ်းမြောက်ကြောင်း အမှာစကားများ ပြောကြားကြသည်။

မြတ်ဆရာ ပူဇော်ပွဲသို့ ဖိတ်ကြားထားသည့် ဆရာကြီး ဆရာမကြီး ၂၅၆ ဦးမှ ၁၃၄ ဦးတို့သည် ကိုယ်တိုင်တက်ရောက်ကြပြီး အခြားဆရာကြီး ဆရာမကြီးများသည် အွန်လိုင်းမှ ပါဝင်တက်ရောက်ကြကာ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဖိတ်ကြားထားသည့် ဆရာကြီး ဆရာမကြီးကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသူကျောင်းသား ဟောင်းများနှင့် တက်ရောက်နေဆဲ ကျောင်းသူကျောင်းသားများက စတုဒိသာ ကျွေးမွေးခြင်း၊ နိုင်ငံကျော်တေးသံရှင်များက ကျောင်းသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ကြရာ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်များကလည်း လုပ်ငန်းအလိုက်ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ပြခန်းပေါင်း ၈၀ ကျော်ကို ပါဝင်ပြသပေးကြကြောင်းသိရသည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

ကျား/မ ပထမဆု ရရှိသူတို့အား ငွေကျပ် ခြောက်သိန်းစီ၊ ဒုတိယဆုရရှိသူတို့အား ဆုငွေကျပ် ငါးသိန်း၊ တတိယဆုရရှိသူတို့အား ဆုငွေကျပ်လေးသိန်းစီတို့ကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးသိန်းအောင်တို့ကလည်းကောင်း၊ ငါးကီလိုမီတာ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ငွေကျပ်ငါးသိန်း၊ ဒုတိယဆုရရှိသူအား ငွေကျပ် လေးသိန်းနှင့် တတိယဆုရရှိသူအား ငွေကျပ်သုံးသိန်းကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ဆုများပေးအပ်ခဲ့ပြီး သုံးကီလိုမီတာ အပြေးပြိုင်ပွဲ ဆုရရှိသူများအား RVIPS Publication မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၆)ကြိမ်မြောက် Bagan Race 2024 အပျော်တမ်းအပြေးပြိုင်ပွဲသို့ ပြည်တွင်းပြည်ပ နိုင်ငံသားများ ၁၄၃၀ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၄**

ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်က အမျိုးသားကန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အဖွင့်သီချင်းနှင့် အကတို့ဖြင့် ဂုဏ်ပြုတင်ဆက်သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အမှာစကားပြောကြားသည်။ ထို့နောက် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲကို ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ် စိုးမြတ်ထွန်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦး၊ ထူးကုမ္ပဏီများအုပ်စု အကြံပေး ဦးမြင့်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တေးသံရှင်များက တေးသီချင်းများ၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြခန်းများနှင့် ပန်းပွဲတော်အတွင်း ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပန်းပွဲတော်ဖွင့်ပွဲသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

**ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ**

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကာယဗလပြိုင်ပွဲ**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသား အသက် (၂၁) နှစ်အောက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမျိုးသား (၅၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား (၆၀) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား (၆၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား(၁၇၀)စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်း ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား (၁၇၀) စင်တီမီတာအထိ ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းက အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသား (၁၇၀) စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်သည်။

**ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ**

အလားတူ ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က အမျိုးသား မီတာ(၁၅၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီး မီတာ (၁၅၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ**

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား(၂၀) ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမျိုးသမီး(၂၀)ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယရရှိသည့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ(၄၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသမီး မီတာ (၁၁၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းဝင်းဇော်က အမျိုးသမီးမီတာ (၂၀၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား မီတာ (၂၀၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက အမျိုးသမီး မီတာ (၅၀) ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ (၅၀) ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီးမီတာ(၅၀) ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၅၀) ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က အမျိုးသမီးမီတာ(၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ (၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်းက အမျိုးသမီး မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမျိုးသမီး မီတာ (၅၀ x ၄) လွှန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ (၅၀ x ၄) လွှန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 - တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး (-၄၆) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမျိုးသမီး (၄၆ - ၅၁) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် *စာမျက်နှာ ၈ သို့*



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး မီတာ (၁၁၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဝင်းစန္ဒာထွန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ (၅၀ x ၄) လွှန်းပြန် အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ (၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရ အောင်လှိုင်မင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးဇင်မင်းထက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်လင်းထွန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးဝင်းဖေ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနမှ အေးချမ်းဖိုလ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၇ မှ*

ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး (၅၁-၅၆) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမျိုးသား(-၅၄) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား (၅၄-၅၈) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမျိုးသမီး (၅၆-၆၂) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသား(၅၈-၆၃) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား(၆၃-၆၈) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား (၆၈-၇၄) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၇၄) ကီလိုအထက် အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီး (၅၆-၆၂) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသား(၅၈-၆၃) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားခရစ်ကတ်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ခရစ်ကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း(၁)၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီးခရစ်ကတ်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားခရစ်ကတ်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က အမျိုးသမီးတစ်ကိုယ်တော်ဓားတစ်လက်အပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်က အမျိုးသား၊ အမျိုးသမီး အတွဲလိုက်လက်နက်ပါအပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသား၊ အမျိုးသမီးအတွဲလိုက်လက်နက်ကာကွယ်နည်းအပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အမျိုးသားလေးယောက်တွဲ လက်နက်မဲ့အပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၅၀-၅၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အမျိုးသမီး (၅၅-၆၀) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး(၆၀-၆၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့ စစ်တွေမြို့၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ




**စစ်တွေ ဒီဇင်ဘာ ၁၄**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်တို့ ဦးဆောင်သောအဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် က ဒေသဆိုင်ရာအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်ချီးမြှင့်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စည်သွတ်ဘူးများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

**အားလုံးပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေက ဌာနဆိုင်ရာများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် နိုင်ငံတော်၏မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆောင်ရွက်မှသာ ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးမှသာ စစ်မှန်သောငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင်စစ်တွေမြို့ခရီးစဉ်တွင် ပြည်သူများနှင့်တွေ့ဆုံခဲ့မှုမှ ပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အကြီးအကဲထံသို့ အချိန်နှင့် တစ်ပြေးညီတင်ပြခဲ့ပြီး နိုင်ငံတော်အကြီးအကဲကလည်း ချက်ချင်းခွင့်ပြုခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များ ရှိပါက မိမိတို့ထံသို့ တင်ပြပေးကြစေလိုကြောင်း၊ ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘာ့ သာသနာပြုမဟာဇေယျသိဒ္ဓိ အဓိဌာန် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ကန်ဆယ်တူးဖော်ထိန်းသိမ်းခဲ့ခြင်းများအတွက် လှူဒါန်းမှုအလှူရေစက်ချ မင်္ဂလာအခမ်းအနားနှင့် ရှေးဟောင်းရေလမ်းကြောင်းများနှင့် ရှေးဟောင်းရေကန် ၉၁ ကန်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၄**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးတို့နှင့် အတူ ယနေ့ နံနက် ၉ နာရီတွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ကန်ဆယ်တူးဖော် ပြုပြင်ထိန်းသိမ်း လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရုပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုလဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဆရာတော်ကြီးများ ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များ နာယူကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်များက ရေကန် အလှူရှင်ကမ္ပည်းကျောက်စာကို အောင်သပြေခက်များဖြင့် ပတ်ဖြန်းပေးပြီး ရေကန်၏ ရေဝင်ရောက်မှု အခြေအနေနှင့် ထိန်းသိမ်းထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးက ရေကန်ဆယ်ယူခဲ့မှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ရှေးဟောင်းရေလမ်းကြောင်းများနှင့် ရှေးဟောင်းရေကန် ၉၁ ကန်အနက် တူးဖော်ကန်ဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိသော ရေကန်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သရပါတံခါးအနီးမှ အနော်ရထာလမ်းအတွင်း မြေလမ်းကို ဂျင်းကျောက်မြေနီခင်းသည့် လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် စူဠာမဏိဂူဘုရားသို့သွားရောက်၍ နံရံဆေးရေးပန်းချီများ သန့်စင်ခြင်းနှင့် Tempered Glass မှန်ဖြင့် ကာရံခြင်း ဆောင်ရွက်ပြီးစီးမှု၊ ပုဂံခေတ်ရှေးအုတ်အရွယ်ဖြင့် ဘုရားတံတိုင်းနှင့် ဘုရားအကြားလျှောက်လမ်းအကျယ် ကိုးပေ ခြောက်လက်မ၊ အရှည် ၁၂၈၂ ပေခင်းခြင်း လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းထားသော ဘုရားအမှတ် ၇၅၂ တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် ကန်သစ်ကန် (ပြဿဒ်ကန်)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းထားပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် အာမနာကန်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် မြေနဲလေးကန် - ၃၊ အလိုတော် ပြည့်ဘုရားမိုးကြိုးလွှဲတပ်ဆင်ထားမှု အခြေအနေများတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# အိမ်မဲမြို့နယ်၌ ဒီဇင်ဘာလ လူထုအားကစား (ဒုတိယအပတ်)စုပေါင်းလမ်းလျှောက်

**အိမ်မဲ ဒီဇင်ဘာ ၁၄**
အိမ်မဲမြို့နယ်၌ ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၏ ညွှန်ကြားမှု၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၏ဦးဆောင်မှုတို့ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက်၅နာရီခွဲက ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲကို ဒုတိယအပတ်အနေဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၃၅၁ ဦးက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့အနော်ရထာလမ်းမှ တာထွက်၍ နွယ်နီလမ်း (၄)လမ်း အတိုင်း မြို့တစ်ပတ်လျှောက်၍ ရွှေလင်းယုန်ဘောလုံးကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမရှေ့၌ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# တရားမဝင်ကုန်သွယ်မှုနှင့် သူ၏ ဆိုးကျိုးများ

ကာသရ

တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်လုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များနှင့် သုံးစွဲသူပြည်သူများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါ ဆုံးရှုံးနစ်နာမှုများတွင် သတ္တုတရားမဝင် တူးဖော်ခြင်းနှင့် သစ်များ တရားမဝင် ခိုးထုတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးသာမက သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးရွားစွာ ထိခိုက်လျက် ရှိပါသည်။ သီးနှံများ၊ အသား၊ ငါးစသည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးများကို တရားမဝင် တင်သွင်းခြင်းကြောင့်လည်း ပြည်တွင်းရှိအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။

### သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိ

မြန်မာနိုင်ငံတွင် သတ္တုတရားမဝင် တင်ပို့မှုများကြောင့် ပြည်တွင်းတွင် တရားမဝင်သတ္တုတူးဖော်မှုများပြားခြင်း ဖြစ်သည်။ တရားဝင်သတ္တုတူးဖော်လုပ်ကိုင်နေသူများအား ဥပဒေ စည်းမျဉ်းများဖြင့် ထိန်းကျောင်းနိုင်သော်လည်း တရားမဝင်သတ္တုတူးဖော်နေသူများသည် နိုင်ငံတော်က ချမှတ်ထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

တရားမဝင်သတ္တုတူးဖော်သည့် လုပ်ငန်းများတွင် သတ္တုသန့်စင်ခွဲထုတ်ရာ၌ နိုင်ငံတော်က ကန့်သတ်ထားသည့် အပြင်းစား ဓာတုဆေးများကို အသုံးပြုခြင်း၊ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် ချမှတ်ထားသော နည်းလမ်းများကို လိုက်နာမှု မရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေသယံဇာတများကို ပျက်စီးစေပါသည်။ မိုးဥတုရောက်ရှိပါက စွန့်ပစ်ဓာတုရေများကို စုဆောင်းထားသော ကန်များတွင် ဓာတုရေများ ပြည့်လျှံကာ မြစ်ချောင်းများအတွင်း စီးဆင်းသောကြောင့် ရေသယံဇာတကိုလည်း ထိခိုက်စေပါသည်။ ထို့ပြင် တရားမဝင်သစ်များ ခိုးထုတ်မှုကြောင့် သစ်တောများ ပြုန်းတီးကာ ရာသီဥတုဖောက်ပြန်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကိုလည်း ခံစားရင်ဆိုင်ရမည်ဖြစ်ပါသည်။

တရားမဝင် တင်သွင်းလာသော သီးနှံနှင့် အသား၊ ငါးများတွင် ကူးစက်တတ်သော ရောဂါပိုးများ ပါဝင်လာပါက ပြည်တွင်းရှိ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သော လုပ်ငန်းများကို ကူးစက်ပြီး ထိခိုက်ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်း၌လည်း စားနပ်ရိက္ခာနှင့် စားသောက်ကုန်

> ❝ ဝိသမလောဘစိတ်ဖြင့် တရားမဝင်ကုန်သွယ်သူများသည် အခွန်အခများ ပေးဆောင်ခြင်းမရှိဘဲ အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများကို တရားမဝင်တင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်မှာ အားကောင်းလာပြီး ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်မှုအားနည်းကာ စားသုံးသူပြည်သူများအတွက် အကျပ်အတည်းများလည်း ဖြစ်လာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းမှုကြောင့် လုပ်ငန်းများမတိုးချဲ့နိုင်ခြင်း၊ ရပ်ဆိုင်းရခြင်းတို့ကြောင့် အလုပ်လက်မဲ့ဦးရေလည်း မြင့်တက်လာ ❞

ထုတ်လုပ်မှု လျော့ကျလာကာ ပြည်သူများအတွက် အစားအသောက် ဖူလုံရေးကို ထိခိုက်စေပါသည်။

### ဆေးယဉ်ပါးခြင်း၊ ရောဂါမပျောက်ခြင်းများ ဖြစ်ပေါ်နိုင်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တင်သွင်းခွင့် ခွင့်ပြုလက်မှတ် ရယူထားခြင်းမရှိဘဲ တရားမဝင် တင်သွင်းလာသည့် ဆေးဝါးများနှင့်အလှကုန်ပစ္စည်းများတွင် အန္တရာယ် ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်နိုင်ပြီး ၎င်းကုန်ပစ္စည်းများကို သုံးစွဲသူများအနေဖြင့် ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ပါသည်။ တရားမဝင် သယ်ဆောင်လာသော ထိုးဆေးများ၊ သောက်ဆေးများသည် သတ်မှတ်ထားသည့် သယ်ယူပို့ဆောင်ရေးစနစ်ဖြင့် မသယ်ဆောင်နိုင်ပါက ဆေးအရည်အသွေး နိမ့်ကျခြင်းနှင့် ဆေးအာနိသင်လျော့ကျခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ထိုကဲ့သို့ ဆေးအာနိသင် လျော့ပါးသော ကာကွယ်ဆေးနှင့် သောက်ဆေးများကို သုံးစွဲပါက ဆေးယဉ်ပါးခြင်း၊ ရောဂါမပျောက်ခြင်းနှင့် မကာကွယ်နိုင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

လူသုံးကုန်ပစ္စည်းများ တရားမဝင် တင်သွင်းမှုကြောင့်လည်း ဈေးကွက်အတွင်း ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ဆင်တူယိုးမှား အတုအပများကို ခွဲခြားရန် အခက်အခဲများ ဖြစ်ပေါ်နိုင်ပါသည်။ တရားမဝင် ကုန်ပစ္စည်းများသည် အရည်အသွေးပိုင်းတွင် နိမ့်ကျပြီး အာမခံချက် မရှိသောကြောင့် စားသုံးသူများအတွက် ကုန်ကျစရိတ် ပိုမိုများပြားခြင်းအပြင် အခြားထိခိုက်မှုများပါ ကြုံတွေ့နိုင်ပါသည်။ အိမ်သုံး Electronic ပစ္စည်းအတုများသည် အရည်အသွေး မပြည့်မီသောကြောင့် ဝိုင်ယာရှော့(ခ်)များ မကြာခဏ ဖြစ်ပေါ်ခြင်းနှင့် မီးဘေးအန္တရာယ်လည်း မကြာခဏ ကြုံတွေ့နေရခြင်းများဖြစ်စေပါသည်။

### စားသုံးသူတို့၏ အကျိုးစီးပွားကို လွန်စွာ ဆုံးရှုံးထိခိုက်စေနိုင်

တရားမဝင်တင်သွင်းသော သီးနှံများ၊ အသား၊ ငါးများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်များ၊ ဆေးဝါးများ စသည်တို့သည် စံသတ်မှတ်ချက် (Standardization) မရှိခြင်း၊ အတုအပနှင့် အရည်အသွေးဆိုင်ရာ အာမခံချက် မရှိခြင်းတို့ကြောင့် ရေရှည်တွင် သုံးစွဲသူများအပေါ် ကျန်းမာရေးနှင့် အခြားသော ဘေးအန္တရာယ်များ ကျရောက်နိုင်ပြီး စားသုံးသူတို့၏ ဘေးအန္တရာယ်လုံခြုံရေးနှင့် အခွင့်အရေးများ ဆုံးရှုံးစေလျက်ရှိပါသည်။ တရားမဝင်တင်သွင်းသည့် ကုန်ပစ္စည်းအများစုသည် အရည်အသွေး နိမ့်ကျမှုများနှင့် တိကျသော အာမခံချက်မရှိခြင်းများကြောင့် စားသုံးသူတို့၏ အကျိုးစီးပွားကို လွန်စွာ ဆုံးရှုံးထိခိုက်စေနိုင်ပါသည်။

ဝိသမလောဘစိတ်ဖြင့် တရားမဝင် ကုန်သွယ်သူများသည် အခွန်အခများ ပေးဆောင်ခြင်းမရှိဘဲ အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများကို တရားမဝင် တင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်မှာ အားကောင်းလာပြီး ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်မှုအားနည်းကာ စားသုံးသူပြည်သူများအတွက် အကျပ်အတည်းများလည်း ဖြစ်လာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းမှုကြောင့် လုပ်ငန်းများ မတိုးချဲ့နိုင်ခြင်း၊ ရပ်ဆိုင်းရခြင်းတို့ကြောင့် အလုပ်လက်မဲ့ဦးရေလည်း မြင့်တက်လာပါသည်။

တရားမဝင် ကုန်သွယ်သူများသည် တရားဝင်ကုန်သွယ်မှုလုပ်ငန်းများတွင် ပေးဆောင်ရန် သတ်မှတ်ထားသော အခွန်အခများကို တရားမဝင် ကုန်သွယ်မှုနည်းလမ်းတို့ဖြင့် ရှောင်ရှားသောကြောင့် နိုင်ငံတော်အနေဖြင့် သတ်မှတ်ထားသော အခွန်အခများ၊ အထူးကုန်စည်ခွန်များ၊ ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်များ ဆုံးရှုံးရပါသည်။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ခြင်းကြောင့်လည်း နိုင်ငံ့ဝန်ထမ်းများအား အကျင့်ပျက်ခြစားမှုကို ဖြစ်ပေါ်စေခြင်း၊ အကျင့်စာရိတ္တကို ထိခိုက်စေခြင်းနှင့် အုပ်ချုပ်ရေး ယန္တရားကိုလည်း ထိခိုက်စေပါသည်။ ထို့ပြင် တရားမဝင်ကုန်ပစ္စည်း ဝယ်ယူ၊ ရောင်းချသည့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သည်များမှလည်း လိုသလိုဈေးကစားခွင့်ကို ရရှိနိုင်ပါသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် ပြည်တွင်းတွင် ဈေးကွက် ကမောက်ကမ ဖြစ်ပေါ်ကာ ဈေးနှုန်းများ မတည်မငြိမ်ဖြစ်ခြင်း၊ တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများကို ထိခိုက်နစ်နာခြင်းတို့ကြောင့် တရားမဝင် ကုန်သွယ်မှုများကို အစိုးရဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းတားဆီးကာကွယ်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။











တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းရမိမှု

> တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ခြင်းကြောင့်လည်း နိုင်ငံ့ဝန်ထမ်းများအား အကျင့်ပျက်ခြစားမှုကို ဖြစ်ပေါ်စေခြင်း၊ အကျင့်စာရိတ္တကို ထိခိုက်စေခြင်းနှင့် အုပ်ချုပ်ရေးယန္တရားကိုလည်း ထိခိုက်စေပါသည်။ ထို့ပြင် တရားမဝင်ကုန်ပစ္စည်း ဝယ်ယူ၊ ရောင်းချသည့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သည်များမှလည်း လိုသလို ဈေးကစားခွင့်ကို ရရှိနိုင်

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် န၀မအကြိမ်မြောက် ကျင်းပသည့် ပြပွဲဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ အုပ်စု (အေ) ကျောက်စိမ်းအတွဲပေါင်း ၃၃၃ တွဲ၊ အုပ်စု (ဘီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၉၀ နှင့် အုပ်စု (စီ) ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၉၆၆ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီး ကာလများအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ကျောက်စိမ်းအတွဲများကိုလည်း သတ်မှတ်ရောင်းချခဲ့ပါကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသက်ခိုင်နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မြမြဝင်းက ဝန်ထမ်းများကိုယ်စား လက်ခံရယူပြီး **(အပေါ်ပုံ)** အထွေထွေမန်နေဂျာ ဦးသက်ခိုင်က ဂုဏ်ပြုဆုချီးမြှင့်ခံရသူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။



အခမ်းအနားသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်သမီးတော်ဖလား မြင်းစီးတန်းခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ဖြိုးကျော်မြင့်သန်းအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၄

မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ်၊ MEF (မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်) အသိအမှတ် ပြုပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင် ပြိုင်ပွဲများတွင် ဆုရအားကစား သမားများ၏ ဓာတ်ပုံများ (MEF Hall of Fame) ချိတ်ဆွဲခြင်း၊ ဂုဏ်ထူးဆောင်အားကစားသမား များ အား ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ခြင်းနှင့် ထိုင်း ဘုရင့်သမီးတော်ဖလား (Princess Cup – FEI SEA Cup –CSIJ–B PATTAYA 2024) မြင်းစီးတန်းခုန် ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူး ရရှိသော အားကစားသမားအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက် ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ် ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံမြင်းစီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံး မောင်မောင်နှင့် အလုပ်အမှုဆောင် များက နိုင်ငံ့ဂုဏ်ဆောင်ပြိုင်ပွဲ များတွင် ဆုရအားကစားသမား များ၏ ချိတ်ဆွဲထားသော ဓာတ်ပုံ များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ ပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများအား ဂုဏ်ထူး ဆောင်လက်မှတ် ချီးမြှင့်သည်။

ဆက်လက်၍ ထိုင်းဘုရင့် သမီးတော်ဖလား မြင်းစီးတန်း ခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆွတ်ခူးရရှိသော မြန်မာ့လက်ရွေး စင် မြင်းစီးကစားသမား ဖြိုးကျော် မြင့်သန်းအား မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံး မောင်မောင်နှင့် ဇနီး ရုပ်ရှင်သရုပ် ဆောင် အကယ်ဒမီ ဒေါ်ခင်သီတာ ထွန်းတို့က ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ချီးမြှင့်သည်။ (ဝဲပုံ)

ယင်းနောက် မြန်မာနိုင်ငံ မြင်းစီးအားစားအဖွဲ့ချုပ် ဥက္ကဋ္ဌ က National Level Officials များ ခန့်အပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး National Level Officials များအား အသိ အမှတ်ပြုလက်မှတ်များ ပေးအပ် ကာမျိုးဆက်သစ်အားကစားသမား များ ပေါ်ထွန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်အဖွဲ့ (Task Force) ဖွဲ့စည်း ရန်ကိစ္စများ ရှင်းလင်းဆွေးနွေးခဲ့ ကြကြောင်းသိရသည်။ **အာကာစိုး**

၂၀၂၄ ခုနှစ်၊ ပဌမအကြိမ်အမျိုးသားအားကစားပွဲတော်

ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၁၁-၁၂-၂၀၂၄ မှ ၁၄-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အားကစား/လူငယ် | ၇ | ၅ | ၂ | ၁၄ | |
| ၂ | ပြည်ထဲရေး | ၆ | ၇ | ၆ | ၁၉ | |
| ၃ | ကာကွယ်ရေး | ၆ | ၂ | ၅ | ၁၃ | |
| ၄ | ဆောက်လုပ်ရေး | ၃ | ၃ | ၄ | ၁၀ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | | ၄ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၈ | စိုက်မွေး/ဆည် | | ၁ | ၂ | ၃ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| | စုစုပေါင်း | ၂၅ | ၂၅ | ၂၅ | ၇၅ | |

၂၀၂၄ ခုနှစ်၊ ပဌမအကြိမ်အမျိုးသားအားကစားပွဲတော်

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၄-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၅၄ | ၂၅ | ၂၃ | ၁၀၂ | |
| ၂ | ရှမ်း | ၂၀ | ၂၄ | ၃၀ | ၇၄ | |
| ၃ | စစ်ကိုင်း | ၁၇ | ၁၁ | ၁၅ | ၄၃ | |
| ၄ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၅ | ကချင် | ၁၃ | ၈ | ၁၁ | ၃၂ | |
| ၆ | မန္တလေး | ၁၂ | ၁၆ | ၂၇ | ၅၅ | |
| ၇ | ဧရာဝတီ | ၉ | ၂၀ | ၂၁ | ၅၀ | |
| ၈ | မကွေး | ၈ | ၉ | ၁၂ | ၂၉ | |
| ၉ | ပဲခူး | ၅ | ၁၈ | ၂၁ | ၄၄ | |
| ၁၀ | ကရင် | ၅ | ၆ | ၂၁ | ၃၂ | |
| ၁၁ | ရခိုင် | ၃ | ၉ | ၉ | ၂၁ | |
| ၁၂ | မွန် | ၃ | ၉ | ၇ | ၁၉ | |
| ၁၃ | နေပြည်တော် | ၃ | ၄ | ၇ | ၁၄ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | | ၃ | ၃ | ၆ | |
| | စုစုပေါင်း | ၁၆၈ | ၁၆၈ | ၂၂၄ | ၅၆၀ | |





ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၅၀ x ၄ လွန်းပျံလေးမျိုးကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

◆*ကျောဖုံးမှ*
ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် **အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နန်းထက်မောင်က ပထမ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြည့်ဖြိုးအောင်က ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သူရအောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀ တန်းကျော် ပြေးပြိုင်ပွဲတွင်** ကာကွယ်ရေး ဝန်ကြီးဌာနမှ ဝင်းစန္ဒာထွန်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ နော်မြင့်မြင့်စန်းက ဒုတိယ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ဂျာစိုင်းပန်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လွင်မိုးက ပထမ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပိုင်ကိုဝင်းက ဒုတိယ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မင်းသိခ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းရေကူးကန်၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား / အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး ၅၀x၄ လွန်းပျံလေးမျိုးကူးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို** ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး ၅၀–၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ၆၀–၆၅ ကီလိုတန်းပြိုင်ပွဲ၊ လက်နက်ကာကွယ်နည်း အပြ (ကျား+မ)စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသား ဓားရှည်နှစ်ယောက်တိုက်အပြ စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသား လေးယောက်တွဲ လက်နက်မဲ့အပြ စွမ်းရည်ပြပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ **စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော်က ကချင်ပြည်နယ်မှ ကျော်စွာတင့် ကို သုံးပွဲ – နှစ်ပွဲ၊ ကယားပြည်နယ်မှ ရဲထွဋ်နိုင်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ–တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချစ်မိုးကို သုံးပွဲ – တစ်ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအီက စစ်ကိုင်းတိုင်းဒေသကြီးမှ စိုးခန့်နိုင်ကို သုံးပွဲ – တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ကရင်ပြည်နယ်မှ ကျော်ကျော်ထွန်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးမှ အေးမင်းက ကယားပြည်နယ်မှ ကျော်ဆန်းလွင် ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုး က ပဲခူးတိုင်းဒေသကြီးမှ ထိန်ဝင်း ကို သုံးပွဲ –တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းက မကွေးတိုင်းဒေသကြီးမှ အောင်ဖြိုးဝေ ကို သုံးပွဲ – နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ငွေးက ရှမ်းပြည်နယ်မှ လှထွန်းကို သုံးပွဲ – နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနက မွန်ပြည်နယ်မှ ရဲဝင်းထွဋ် ကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ဧရာဝတီတိုင်းဒေသကြီးမှ နေလင်းဦးကို သုံးပွဲ–နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟုံစိုးက မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဖြိုးဝင်း ကို သုံးပွဲ – နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်နေစဉ်။

**9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်မှ ကမ္ဘာလင်းက ဧရာဝတီတိုင်းဒေသကြီးမှ မိုးဝင်း ကို ခုနစ်ပွဲ–လေးပွဲ၊ မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရန်ကုန်တိုင်းဒေသကြီးမှ အောင်မြင့် ကို ခုနစ်ပွဲ – ခြောက်ပွဲ၊ ကချင်ပြည်နယ်မှ အောင်ကျော်မိုးက ရခိုင်ပြည်နယ်မှ စိုင်းဇာနည်ထွန်း ကို ခုနစ်ပွဲ – ခြောက်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က မကွေးတိုင်းဒေသကြီးမှ ဟိန်းလတ် ကို ခုနစ်ပွဲ–လေးပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 Red နှစ်ယောက်တွဲပြိုင်ပွဲတွင်** ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို သုံးပွဲ – နှစ်ပွဲ၊ ကချင်ပြည်နယ်က ရခိုင်ပြည်နယ်ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးက ကရင်ပြည်နယ်ကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးက မွန်ပြည်နယ်ကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးက ဧရာဝတီတိုင်းဒေသကြီးကို သုံးပွဲ – နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးကို သုံးပွဲ – တစ်ပွဲ၊ ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်က ကယားပြည်နယ်ကို သုံးပွဲ – တစ်ပွဲ၊ ရခိုင်ပြည်နယ်က မွန်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ **9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးက မန္တလေးတိုင်းဒေသကြီးကို ခုနစ်ပွဲ – လေးပွဲ၊ ရှမ်းပြည်နယ်က ဧရာဝတီတိုင်းဒေသကြီးကို ခုနစ်ပွဲ – တစ်ပွဲ၊ ရခိုင်ပြည်နယ်က ပဲခူးတိုင်းဒေသကြီးကို ခုနစ်ပွဲ – နှစ်ပွဲ၊ ကချင်ပြည်နယ်က ကရင်ပြည်နယ်ကို ခုနစ်ပွဲ – သုံးပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၂ ၌ ကျင်းပရာ အမျိုးသား ၂၁ နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ ကာယကြံ့ခိုင်မှု ပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ အမျိုးသား Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း (၁/၂)၌ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပထမ၊ ရခိုင်ပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ***စာမျက်နှာ ၁၃ သို့***

*စာမျက်နှာ ၁၂ မှ*

ပြည်နယ်နှင့်တိုင်းဒေသကြီး **အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံး ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)/(၄)၊ ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး – တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး– နှစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး – တစ်ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ကိုးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး– ဂိုးမရှိ၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးဂိုး – နှစ်ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးဂိုး – တစ်ဂိုး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းက ပြည်ထောင်စု စာရင်းစစ်ချုပ်အသင်းကို နှစ်ဂိုး – တစ် ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၁၇ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များကြည့်ရှုအားပေးကြစဉ်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြပြီး **ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ– တစ်ပွဲ၊ **တတိယလုပွဲစဉ်တွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ **ဗိုလ်လုပွဲစဉ်တွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသ ကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ကျင်းပရာ အမျိုးသမီး ၄၆ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၄၆–၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၁–၅၆ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄–၅၈ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၆–၆၂ ကီလိုတန်း အတိုက်အပြိုင်ပွဲ၊ အမျိုးသား ၅၈–၆၃ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၃–၆၈ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၈– ၇၄ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊အမျိုးသား ၇၄ ကီလိုတန်းအထက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ– တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ **အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ ကျင်းပရာ **အမျိုးသား ၆၁ ကီလိုတန်းပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ မြတ်ကျော်သူမှ ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မျိုးမင်းလတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝမ်ကြားလယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်ထက်ထွန်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နော်အယ်ကညောဂျော့က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ဇင်ငြိမ်းအေးက တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင်** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – နှစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ယနေ့အချိန်ထိ အဆင့်လိုက်ရပ်တည်မှုအနေဖြင့် **ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများတွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ရွှေခုနစ်ခု၊ ငွေ ငါးခု၊ ကြေးနှစ်ခုဖြင့် အဆင့်(၁)နေရာတွင် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ရွှေခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေးခြောက်ခုဖြင့် အဆင့်(၂) နေရာတွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေ ခြောက်ခု၊ ငွေ နှစ်ခု၊ ကြေးငါးခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၅၄ ခု၊ ငွေ ၂၅ ခု ၊ ကြေး ၂၃ ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေအခု ၂၀၊ ငွေ ၂၄ ခု၊ ကြေးအခု ၃၀ ဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ ၁၇ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၅ ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်





ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကြံ့ခိုင်မှုပြိုင်ပွဲ ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး မီတာ(၁၀၀)တန်းကျော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှု။



ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မရွှန်းလဲ့ဝေ ယှဉ်ပြိုင်နေမှု။




ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မဇင်ငြိမ်းအေး ယှဉ်ပြိုင်နေမှု။





ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးမီတာ (၅၀x၄) လွတ်လပ်ကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကူးခပ်နေမှုကို တွေ့ရစဉ်။

# ဒီပြိုင်ပွဲကြီးတွေ ကျင်းပပေးခြင်းအားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်မယ့် မျိုးဆက်သစ်လူငယ်အားကစားသမားတွေ အများကြီး ထွက်ပေါ်လာမယ်ဆိုတာ မုချပါပဲ

မယဉ်ယဉ်ထွေး (ပဲခူးတိုင်းဒေသကြီး ပြိုင်ပွဲဝင်)

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှအချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**



ဦးရဲလွင်



ကိုအောင်ဖြိုးဝေ



မောင်ဝင်းဇော်ထွန်း



မယဉ်ယဉ်ထွေး

**ဦးရဲလွင်၊ ညွှန်ကြားရေးမှူး**
**လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

ကျွန်တော်တို့ဌာနက ပုံမှန်ဆောင်ရွက်တာတွေကတော့ နွေရာသီအားကစားသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့၊ ဒီဇင်ဘာလတိုင်း လူထုလှုပ်ရှားမှုအားကစားတစ်လတာလှုပ်ရှားမှုတွေနဲ့ လူထုလမ်းလျှောက်ပွဲကျင်းပနိုင်ဖို့၊ အားကစားနဲ့ပတ်သက်တဲ့ အသိပညာတွေဖြန့်ဝေဖို့နဲ့ မီဒီယာတွေနဲ့ချိတ်ဆက်ပြီး ပညာပေးလှုပ်ရှားမှုတွေပြုလုပ်ပေးနေပါတယ်။ အခုလက်ရှိမှာတော့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနဲ့ ဓာတ်ပုံပြိုင်ပွဲအတွက် တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ပြိုင်ပွဲရဲ့ထူးခြားချက်က ဓာတ်ပုံပြိုင်ပွဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဓာတ်ပုံတွေက အခုကျင်းပနေတဲ့ အားကစားပွဲတော်ကြီးရဲ့ ကျင်းပနေတဲ့မြင်ကွင်းတွေထဲကသာ ယှဉ်ပြိုင်ရမှာပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံတွေကို ၁၀ လက်မ၊ ၁၄ လက်မအရွယ်အစားနဲ့ ဇန်နဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား ယှဉ်ပြိုင်ပေးပို့နိုင်ပါတယ်။ရွေးချယ်ပေးမှာကတော့ မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ်က ဖြစ်ပါတယ်။ လက်ရှိမှာ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကြီးက ခရီးတစ်ဝက်ရောက်ရှိခဲ့ပါပြီ။ အမျိုးသားအားကစားပြိုင်ပွဲကြီးမှာ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဌာနအဆင့် ရွှေ ၅၁၊ ငွေ ၅၁ နဲ့ ကြေး ၅၃ စုစုပေါင်း ၁၅၅ခု၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် ရွှေ ၂၃၄၊ ငွေ ၂၃၄ နဲ့ ကြေး ၃၀၆ စုစုပေါင်း ၇၇၄ ခု၊ မသန်စွမ်းအားကစားနည်း ရွှေ ၅၀၊ ငွေ ၅၀ နဲ့ ကြေး ၅၀ စုစုပေါင်း ၁၅၀ ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**ကိုအောင်ဖြိုးဝေ(မကွေးတိုင်းဒေသကြီးပြိုင်ပွဲဝင်)**
**အမျိုးသားတစ်ဦးချင်း ဘိလိယက်ပြိုင်ပွဲ**

အမျိုးသားအားကစားပွဲတော်ကြီးမှာ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်/စနူကာ ကစားသမား ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ဘိလိယက်နဲ့စနူကာ 9 Ball ပြိုင်ပွဲတွေမှာ ပြိုင်မှာပါ။ ကျွန်တော်က ဒီနေ့ပြိုင်ပွဲမှာ တစ်ဦးချင်း သုံးလုံးဘော ဘိလိယက်ပြိုင်ပွဲမှာ ဝင်ပြိုင်တာပါ။ ပြိုင်ပွဲမှာ တိုင်းဒေသကြီးရဲ့ ဂုဏ်ဆောင်နိုင်အောင်လို့ အများကြီးပြင်ဆင်လာတယ်။ ဆုတံဆိပ်တွေရဖို့လည်း မျှော်လင့်ထားတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ကစားသမားတွေလည်း တိုးတက်တယ်။ မြန်မာနိုင်ငံအတွက် လူငယ်ကစားသမားတွေ ထွက်ပေါ်လာဖို့ အများကြီးမျှော်လင့်လို့ရတဲ့ ပြိုင်ပွဲကြီးဖြစ်တာကြောင့် အင်မတန်ကောင်းပါတယ်။

**မောင်ဝင်းဇော်ထွန်း**
**(ရောဝတီတိုင်းဒေသကြီး ပြိုင်ပွဲဝင်)**
**အမျိုးသား မီတာ ၁၀၀ ရေကူး (ရင်ပေါင်တန်းကူး) ပြိုင်ပွဲ**

ပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားခဲ့တယ်။ ဒီပြိုင်ပွဲအတွက် ခြောက်လလောက် ပြင်းပြင်းထန်ထန်လုပ်ခဲ့တယ်။ ဒါပေမယ့် ပြိုင်ပွဲရလဒ်ကတော့ စတုတ္ထနေရာပဲရခဲ့တယ်။ နောင်တစ်ချိန် နောက်ပြိုင်ပွဲတွေကျရင် ဒီထက်ကြိုးစားမယ်၊ ဒီထက်ကောင်းအောင် လုပ်ပြမယ်။ ကျွန်တော်တို့ ရေကူးအားကစားမှာ အားကစားသမား အမျိုးသား ၉ ယောက်၊ အမျိုးသမီး ၁၁ ယောက် အားလုံးပေါင်း ၂၀ ပါပါတယ်။ ဒီထဲမှာ ရွှေတံဆိပ်ဆုယူမယ့်သူတွေလည်း ပါပါတယ်။ အခုလို အမျိုးသားအားကစားပွဲတော်ကြီးမှာ ကစားသမားကောင်းတွေနဲ့အတူ ပြိုင်ရတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိတယ်။ ရေကူးအားကစားနည်းရဲ့ အားသာချက်တွေက ခန္ဓာကိုယ်အကြောအခြင်တွေ ပြေစေတယ်၊ သွေးလည်ပတ်မှုတွေ ကောင်းစေတဲ့အတွက် ကျန်းမာရေးအတွက် ကောင်းတယ်။ ကျွန်တော့်အနာဂတ်မျှော်လင့်ချက်က လက်ရွေးစင်ဖြစ်ဖို့ပဲ။ နောင်တစ်ချိန်မှာလည်း ရေကူးအားကစားမျိုးဆက်သစ်တွေ မွေးထုတ်ပေးချင်တယ်။ အခုလို အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**မယဉ်ယဉ်ထွေး (ပဲခူးတိုင်းဒေသကြီး ပြိုင်ပွဲဝင်)**
**ရွှေတံဆိပ်ဆုရ၊ အလေးမအားကစား**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အလေးမ ၄၅ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ စုစုပေါင်းကီလို ၁၂၈ ကီလိုနဲ့ ပထမရရှိတာဖြစ်ပါတယ်။ ကျွန်မက နိုင်ငံတော်အဆင့်ကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ဖူးတာပါ။ ဒီပြိုင်ပွဲမှာ ပြည်နယ်နဲ့တိုင်းဒေသကြီး လေးခုကနေ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ကစားသမားတွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါ စိတ်လှုပ်ရှားမှုတွေဖြစ်ခဲ့ပါတယ်။ ပြိုင်ဘက်ကစားသမားတွေနဲ့လည်း ရင်းနှီးမှုတွေလည်း ရရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ ပြည်ပပြိုင်ပွဲတွေယှဉ်ပြိုင်ချင်ပါတယ်။ အလေးမအားကစားသမားအဖြစ် ဝင်ရောက်ခဲ့တာ ငါးနှစ်ဝန်းကျင် အထိရှိပါပြီ။ ဆက်လက်ပြီးလည်း အလေးမအားကစားနဲ့ ပြည်ပပြိုင်ပွဲတွေမှာ နိုင်ငံတော်ရဲ့ဂုဏ်ကိုဆောင်နိုင်ဖို့ လက်ရွေးစင်ကစားသမားတန်းမှာ ပါဝင်နိုင်အောင် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးတွေကျင်းပပေးခြင်းအားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်မယ့် မျိုးဆက်သစ်လူငယ်အားကစားသမားတွေ အများကြီး ထွက်ပေါ်လာမယ်ဆိုတာ မုချပါပဲ။



မသူသူဟန်



မမြတ်နိုးကြယ်စင်



မရွှန်းလဲ့ဝေ

**မသူသူဟန် (ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု)**
**ရွှေတံဆိပ်ဆုရှင်၊ တိုက်ကွမ်ဒိုပြိုင်ပွဲ**

ကျွန်မက – ၄၆ ကီလိုကနေ ရန်ကုန်တိုင်းကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အခုပြိုင်ပွဲအတွက် ကန့်ဝင်တဲ့ နှစ်လတာအတွင်းမှာ ကြိုးစားလေ့ကျင့်ခဲ့တယ်။ ပညာရေးတစ်ဖက်နဲ့ဆိုတော့ Training နားချိန်တွေမှာစာလုပ်ပြီး ကန့်ဝင်နေရင်းနဲ့ စာမေးပွဲဖြေရတဲ့အခါတွေလည်း ရှိခဲ့တယ်။ ဒီနေ့ကတော့ ကြိုးစားမှုရလဒ်တွေက အရာထင်ခဲ့ပြီး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့တဲ့အတွက် ကိုယ့်အတွက်ရော၊ တိုင်းဒေသကြီးအတွက်ပါ ဂုဏ်ယူမိပါတယ်။ ပျော်ရွှင်ကျေနပ်ပါတယ်။ ကျွန်မက ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄ ခုနှစ် ပြည်နယ်နဲ့တိုင်းဒေသကြီးပြိုင်ပွဲတွေမှာ သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ဆုရရှိထားပါတယ်။ ဒီနေ့ပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆုထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ အားကစားသမားတွေဆိုတာက ပြိုင်ပွဲတွေများများ ယှဉ်ပြိုင်ဖို့လိုအပ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေကနေ တစ်ဆင့် အနယ်နယ်အရပ်ရပ်က ထူးချွန်တဲ့ကစားသမားကောင်းတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

**မမြတ်နိုးကြယ်စင် (ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်) အမျိုးသမီး ရေကူးပြိုင်ပွဲ**

အမျိုးသားအားကစားပွဲတော်ကြီးမှာ အမျိုးသမီးမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲနဲ့ အမျိုးသမီးမီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တာပါ။ မီတာ ၄၀၀ မှာတော့ ရွှေ(ပထမ) ရပါတယ်။ အရင်တုန်းက ပြည်ပပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ ထူးချွန်ကစားသမားတစ်ယောက်ဖြစ်ဖို့အတွက်ဆိုရင် ဘယ်အားကစားမဆို သူများလုပ်ခိုင်းလို့လုပ်ခြင်းထက် ကိုယ်ကိုယ်တိုင်ဝါသနာပါပြီး လုပ်မယ်ဆိုရင် အကောင်းဆုံးဖြစ်လာမယ်လို့ မြင်ပါတယ်။

**မရွှန်းလဲ့ဝေ (ရှမ်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**
**အလေးမအားကစား၊ ၄၉ ကီလိုတန်း**

ဒီနေ့ပြိုင်ပွဲမှာ စိတ်နည်းနည်းလောသွားခဲ့လို့ ဒုတိယဆုနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ စိတ်က လှုပ်ရှားနေခဲ့ပြီး လက်ကကျန်နေခဲ့တော့ ပြုတ်သွားခဲ့ရတယ်။ ကျွန်မက ၄၉ ဝိတ်တန်းပြိုင်ပွဲမှာ ၉၄ ကီလိုအရောက် အခုလိုဖြစ်သွားခဲ့တာ။ စိတ်မကောင်းဖြစ်ရတယ်။ ရွှေဆုနဲ့လွဲချော်သွားခဲ့လို့ပါ။ ဒါပေမယ့် အားတော့မလျှော့ပါဘူး။ နောက်နှစ်တွေမှာ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်မက မနှစ်က ပြည်နယ်နဲ့တိုင်းဒေသကြီးပြိုင်ပွဲမှာ ၄၉ ကီလိုတန်း ရွှေဆုရရှိထားပြီး ဒီနှစ်တော့ ဒုတိယပါ။ ကျွန်မက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့က လာရောက်ယှဉ်ပြိုင်တာပါ။ လက်ဦးဆရာတွေကတော့ ဆရာမ အေးမီလွင်နဲ့ ဆရာမနှင်းနှင်းအေးတို့ ဖြစ်ပါတယ်။ နှစ်လလုံးလုံး အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ စင်ပေါ်မှာ ကိုယ် မနေကျအလေးတွေက ပိုပြီးလေးလာတယ်လို့ခံစားရပြီး အခုလိုဖြစ်သွားတာ။ နောက်ပြိုင်ပွဲတွေမှာ အခုထက်ပိုပြီး စိတ်ကို စုစည်းနိုင်အောင် ကြိုးစားသွားပါမယ်။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**

# ကျေးလက်အင်အား နိုင်ငံ့စီးပွားတိုးစေမည့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း

မြန်မာနိုင်ငံသည် ရှေးယခင်ခေတ်အဆက်ဆက်ကတည်းက လယ်ယာကဏ္ဍကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သောနိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏ စီးပွားရေးထုတ်ကုန်အများစုသည် လယ်ယာကဏ္ဍမှ ထွက်ပေါ်လာကြပါသည်။ လယ်ယာကဏ္ဍစီးပွားမြင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုစွမ်းအားကို မြင့်မားတိုးတက်လာစေရန် နိုင်ငံတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား တွန်းအားပေးဆောင်ရွက်လျက်ရှိနေပါသည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများထဲမှ အချိန်တိုအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

စိုးမိုးဝင်း (စိုက်ပျိုးရေး)

### ကျေးလက်လူထု၏ ဉာဏ်ပညာအရေးကြီး

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စိုက်ပျိုးရေးထွက်ကုန်များကို မူရင်းထုတ်လုပ်သည့် အရည်အသွေးအတိုင်း ထိန်းသိမ်းထားနိုင်စေရန်နှင့် အရည်အသွေး ပိုမိုမြှင့်တင်ပေးနိုင်စေရန်အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာသည် အလွန်အရေးကြီးသည်။ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုဆိုသည်မှာ သီးနှံထွက်ကုန်များ ရိတ်သိမ်းသည့်အချိန်မှ စားသုံးသည်အထိ အစားအစာထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေးဆုံးရှုံးမှုများကို ခေါ်ပါသည်။ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုသည် ၂၀-၅၀ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်နိုင်ပြီး အခြေခံအကြောင်းတရားမှာ ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတအားနည်းသောကြောင့် ဖြစ်သည်။

ရိတ်သိမ်းချိန်လွန်နည်းပညာသည် သီးနှံများ ရိတ်သိမ်းသည်မှ ဈေးကွက်တင်ပို့ရောင်းချသည့် အဆင့်ထိ အဆင့်ဆင့်သော လုပ်ငန်းများတွင် သီးနှံထွက်ကုန်များကို အရေအတွက်နှင့် အရည်အသွေးများ လေလွင့်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင်ပြုလုပ်ပေးသော နည်းလမ်းဖြစ်သည်။ တောင်သူများအနေဖြင့် ထိုနည်းပညာများကို သိရှိမှသာ စိုက်ပျိုးရေးသီးနှံထွက်ကုန်များသည် အရည်အသွေးပြည့်ဝ၍ အာဟာရဓာတ်ပြည့်ဝသော သီးနှံများဖြစ်ကာ ရောင်းအားကောင်း၍ ဝင်ငွေများစွာ ရရှိနိုင်မည် ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ အရည်အသွေးပြည့်ဝစွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ၏ အသိပညာနှင့်နည်းပညာ မြင့်မားမှုသည် အလွန်အရေးကြီးသည်။ ထို့အတူ စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ များပြားစွာ ပေါ်ပေါက်လာရေးနှင့် စီးပွားဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံကျသော စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သော တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်းပညာကို MSME လုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် ကျွမ်းကျင်တတ်မြောက်ရန် အလွန်အရေးကြီးပါသည်။



တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်းပညာသင်တန်း။

### ကျေးလက်၏ဉာဏ်ပညာ မြင့်မားရေး သင်တန်းများပေး

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများလျော့နည်းမှုကြောင့် ထုတ်လုပ်မှု၏ ၉-၂၅ ရာခိုင်နှုန်းအထိ ဟင်းသီးဟင်းရွက်များ ဆုံးရှုံးမှု ဖြစ်နေရပါသည်။ အထူးသဖြင့် ရိတ်သိမ်းပြီးနောက် စနစ်မကျသော ထုပ်ပိုးခြင်းနှင့်ဆေးကြောခြင်း၊ စနစ်မကျသော သယ်ယူပို့ဆောင်ခြင်း၊ အရွက်များကျိုးကြေခြင်း၊ သစ်သီးများကွဲအက်ခြင်း၊ ပုပ်ခြင်း စသည်တို့ကြောင့် ထုတ်လုပ်သည့်ပမာဏထက် လျော့နည်းကာ တောင်သူများ ဝင်ငွေလျော့နည်းနေကြပါသည်။ ထို့ပြင် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများသည် တောင်သူများအတွက် အခင်းရောင်းဈေးနှင့် ဖောက်သည်များကိုလျော့နည်းသွားစေပြီးစားသုံးသူများအတွက် ဝယ်ယူကုန်ကျမှုဈေးကို တိုးစေပါသည်။

ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများသည် တောင်သူနှင့်စားသုံးသူများအတွက် များစွာ ထိခိုက်နစ်နာစေပါသည်။ တောင်သူများအနေဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ဈေးကွက်လိုအပ်ချက်များကို သိရှိလျှင် ထိုဆုံးရှုံးမှုများ လျှော့ချပေးပြီး ဝင်ငွေနှင့် ဈေးကွက်ရရှိရေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ ထို့ကြောင့် တောင်သူများနှင့် စားသုံးသူများ၏ အကျိုးစီးပွားမြင့်မားရေးကို အဓိကထား မျှော်မှန်း၍ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (Postharvest Technology Training Centre) ကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ရိတ်သိမ်းချိန်လွန်နည်းပညာကို လက်တွေ့အသုံးချခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်လာစေရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘိုဥယျာဉ်ခြံတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ဖွင့်လှစ်ပြီး ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများကို ပို့ချပေးလျက်ရှိရာ ယခုနှစ်တွင် ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကျေးလက်ဒေသများမှာ နေထိုင်ကြသော ကျေးရွာလူထုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကအားထားပြု၍ လုပ်ကိုင်စားသောက်နေကြရာ လိုအပ်သော စိုက်ပျိုးရေး နည်းပညာနှင့်အသိပညာများကို စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးဝန်ထမ်းများက ဖြန့်ဖြူးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများ လျော့နည်းစေရန်၊ စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်စေရန်နှင့် ဒေသတွင်းထုတ်ကုန်ပစ္စည်းများ အမျိုးမျိုး ထုတ်လုပ်နိုင်စေရန်အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းမှ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ဗလငါးတန်ဟုခေါ်သည့် အင်အားငါးမျိုးတွင် ဉာဏဗလ-ဉာဏ်ပညာအင်အား ပါဝင်ရာ ကျေးလက်နေ လူထု၏ ဉာဏ်ပညာအင်အား တိုးပွားစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ သီးနှံမျိုးစုံအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ သင်တန်းအမျိုးအစားပေါင်း ၂၇ မျိုး ဖွင့်လှစ်နိုင်ခဲ့ပြီး စုစုပေါင်းသင်တန်းအကြိမ်ရေ ၁၉၀ နှင့် သင်တန်းသားဦးရေ ၆၃၃၃ ဦးကို သင်တန်းပို့ချပေးပြီး ဖြစ်ပါသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၁၅ ကြိမ်ခန့်ဖွင့်လှစ်ပို့ချပြီး သင်တန်းသားဦးရေ ၃၀၀ ခန့်ကို သင်တန်းပေးလျက်ရှိပါသည်။

### ကျေးလက်အင်အား နိုင်ငံ့စီးပွား

နိုင်ငံ့စီးပွားမြင့်မားရေးအတွက် နိုင်ငံ၏အဓိက စီးပွားရေးဖြစ်သော လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အထူးအလေးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို စဉ်းစားရာတွင် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းနှင့် စိုက်ပျိုးပြီးနောက်ပိုင်း တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်သည့်အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းသည် တောင်သူလယ်သမားများနှင့် အများဆုံး သက်ဆိုင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်အပိုင်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများနှင့် အများဆုံး သက်ဆိုင်ပါသည်။ ထိုကဏ္ဍနှစ်ခုစလုံးကို တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မှသာ ကျေးလက်နေလူထု၏ ဝင်ငွေတိုးပွားပြီး ထုတ်ကုန်များကို နိုင်ငံခြားသို့တင်ပို့နိုင်သည့်အတွက် နိုင်ငံခြားဝင်ငွေများလည်း ရရှိလာ၍ နိုင်ငံ့စီးပွားတိုးတက်လာမည် ဖြစ်ပါသည်။

ကျေးလက်လူထု၏ ဉာဏ်ပညာမြင့်မားမှုသည် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် နည်းပညာကို အပြည့်အဝ အသုံးချနိုင်သည့်အတွက် စီးပွားရေးအင်အားဖြစ်သော ဘောဂဗလတိုးပွားရေးကို ဦးတည်နေပါသည်။ ဥပမာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရိတ်သိမ်းချိန်ဆုံးရှုံးမှုအနေဖြင့် တောင်သူများ ထိန်းသိမ်းနိုင်သောအပိုင်းမှ ကောက်ရိတ်ရာတွင် ၃ ဒသမ ၀ ရာခိုင်နှုန်း၊ အခြောက်ခံရာတွင် ၂ ဒသမ ၀ ရာခိုင်နှုန်း၊ ခြွေလှေ့ရာတွင် ၁ ဒသမ ၆ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရာတွင် ၃ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြင့် စုစုပေါင်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့နည်းနေပါသည်။ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များအပိုင်းမှ သိုလှောင်ရာတွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ကြိတ်ခွဲရာတွင် ၁၄ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြင့် စုစုပေါင်း ၂၅ ဒသမ ၄ ရာခိုင်နှုန်း ဆုံးရှုံးလျက်ရှိပါသည်။ ထို့ကြောင့် တောင်သူအပိုင်းနှင့် စက်ပိုင်၊ ကုန်သည်များအပိုင်းတို့ကို ပေါင်းလိုက်လျှင် စုစုပေါင်း ၃၅ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းဆုံးရှုံးနေပါသည်။ ဆိုလိုသည်မှာ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ တင်း ၁၀၀ ထွက်ရှိရာ စပါးမှ ဆန်ဖြစ်သည်အထိ အဆင့်ဆင့် ဆုံးရှုံးမှုသည် ၃၅ ဒသမ ၆ တင်း ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဆန်စပါးတန်ဖိုး စုစုပေါင်း၏ ၂၀-၃၅ ရာခိုင်နှုန်းဆုံးရှုံးမှုသည် ရိတ်သိမ်းချိန်နှင့် စားသုံးမှုအကြားတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုဆုံးရှုံးမှုများသည် တောင်သူများ၏ အဓိကအားဖြင့် စိုက်ကွင်းအတွင်း လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေညံ့ဖျင်းခြင်း၊ သိုလှောင်မှု၊ ကြိတ်ခွဲရာတွင် လျော့နည်းခြင်း၊ လုပ်ငန်းအဆင့်ဆင့်တွင် စပါးအရည်အသွေး ကျဆင်းခြင်းတို့ကြောင့် ဖြစ်ရပါသည်။

*စာမျက်နှာ ၁၇ သို့*

❖ **တောင်သူများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၏ စိုက်ပျိုးရေးနည်းပညာနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာမြင့်မားမှုတို့သည် အလွန်အရေးကြီးသကဲ့သို့ ၎င်းနည်းပညာများကို စနစ်တကျ လိုက်နာကျင့်သုံးဆောင်ရွက်ရေးသည်လည်း အဓိကကျပါသည်။ အထူးသဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာများဖြစ်သော ရိတ်သိမ်းခြင်း၊ သယ်ယူခြင်း၊ ခြွေလှေ့ခြင်း၊ သန့်စင်ခြင်း၊ နေလှန်းအခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်း လုပ်ငန်းစဉ်များတွင် အရေအတွက်နှင့် အရည်အသွေးကို ထိခိုက်မှုမရှိရအောင် စနစ်တကျ နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီး**

## ပဲခူးမြို့၌ ဒီဇင်ဘာလ (တတိယအပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲ ကျင်းပ



**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ဒီဇင်ဘာလ (တတိယအပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည်။

ဦးစွာ ဒီဇင်ဘာလ (တတိယအပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရှေ့မှစတင်၍ ရန်ကုန် - မန္တလေး ကားလမ်းအတိုင်း၊ ကျောက်တွင်းကုန်းလမ်းဆုံမှ ရှင်စောပုလမ်း၊ ရွှေမော်ဓောဘုရားလမ်း၊ ဟင်္သာလမ်း၊ ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်းအထိ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပဲခူးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သားဖွားသင်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမများ၊ သင်တန်းသူများ၊ ရပ်ကွက်နေပြည်သူများမှ စုပေါင်းလမ်းလျှောက်ကြပြီး ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## မအူပင်မြို့၌ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**မအူပင် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲက တိုးရွှေဝါခန်းမရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ တိုးရွှေဝါခန်းမရှေ့မှ ကမ်းနားလမ်း၊ ဆယ်လန်း၊ မင်းလမ်းမှတစ်ဆင့် ပြည်သူ့အားကစားကွင်းကြီးသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ပျော်ရွှင်စွာပြုလုပ်ခဲ့ကြသည်။ ယင်းနောက်



မီတာ (၁၀၀) ကျား၊ မ အပြေးပြိုင်ပွဲများ၊ အပ်ချည်ထိုးပြိုင်ပွဲများ ကျင်းပကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲ ပြုလုပ်

**ပန်းတနော် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဒီဇင်ဘာလအားကစားလှုပ်ရှားမှုအဖြစ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

ဒီဇင်ဘာလ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း/ အဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၆၃၀ ခန့်ဖြင့် စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးအားကစားလေ့ကျင့်ခန်း အတွဲ(၁) နှင့်(၂)၊ Fitness danceလေ့ကျင့်ခန်း၊ အကြောလျှော့လေ့ကျင့်ခန်းနှင့် သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်၌ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်

**ဓနုဖြူ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပသည်။ **(ဝဲပုံ)**



အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေး အသင်းအဖွဲ့များ စုစုပေါင်း ၅၇၂ ဦးခန့်က အမှတ်(၉)ရပ်ကွက် မြို့နယ် လမ်းဦးစီးရုံးထောင့်စုရပ် မဟာဗန္ဓုလ လမ်းအတိုင်း ထွက်ခွာ၍ အမှတ်(၂) ရပ်ကွက် အကျော်တာလမ်းမှ အမှတ်(၁၀) ရပ်ကွက် ကျိုက်ကလွန်ပွန်းဘုရားရှေ့အထိ လမ်းလျှောက်ခဲ့ကြပြီး အမှတ်(၁၀) ရပ်ကွက် ကျိုက်ကလွန်ပွန်းဘုရားရှေ့ ကွင်းပြင်၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများအား စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် တောင်သူများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ၏ စိုက်ပျိုးရေးနည်းပညာနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာမြင့်မားမှုတို့သည် အလွန်အရေးကြီးသကဲ့သို့ ၎င်းနည်းပညာများကို စနစ်တကျ လိုက်နာကျင့်သုံးဆောင်ရွက်ရေးသည်လည်း အဓိကကျပါသည်။ အထူးသဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာများဖြစ်သော ရိတ်သိမ်းခြင်း၊ သယ်ယူခြင်း၊ ခြွေလှေ့ခြင်း၊ သန့်စင်ခြင်း၊ နေလှန်းအခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်း လုပ်ငန်းစဉ်များတွင် အရေအတွက်နှင့် အရည်အသွေးကို ထိခိုက်မှုမရှိရအောင် စနစ်တကျ နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးသည်။ သို့မှသာ သိရှိထားသော ဉာဏ်ပညာအင်အားမှ စီးပွားအင်အားသို့ တိုးပွားလာမည်ဖြစ်သည်။ တောင်သူတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားပြီး စီးပွားရေးဖွံ့ဖြိုးလာလျှင် နိုင်ငံ့စီးပွားသည် မြင့်မားလာပါလိမ့်မည်။ ထို့ကြောင့် ကျေးလက်နေလူထု၏ ဉာဏ်ပညာအင်အားနှင့် စီးပွားရေးအင်အားသည် နိုင်ငံ့စီးပွားတိုးတက်ရေး၏ အရင်းခံအကြောင်းတရားဖြစ်ပါသည်။

> ❑ **အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောကဏ္ဍတစ်ခု ဖြစ်လာသကဲ့သို့ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်လာသောကြောင့် ပြည်ပမှတင်သွင်းရသည့် သွင်းကုန်များလျော့နည်းကာ ပြည်ပသို့ တင်ပို့ရောင်းချရသည့်ပို့ကုန်များ ပိုမိုဖွံ့ဖြိုးလာသဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာစေ**

### ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းများ

ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းသည် ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်း၊ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်သည်မှ ရိတ်သိမ်းခူးဆွတ်တင်ပို့ ရောင်းချသည်အထိ ဆောင်ရွက်မှုနည်းပညာသင်တန်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP သင်တန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာသင်တန်း၊ သီးနှံအထူးပြုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ထို့ပြင် တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို ဆွေးနွေးပို့ချပေးလျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ နိုင်ငံခြားတင်ပို့သူ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူအားလုံးအတွက် လိုအပ်သော နည်းပညာများကို စာတွေ့၊ လက်တွေ့၊ စိုက်ကွင်းအတွေ့အကြုံများမှတစ်ဆင့် အရည်အသွေးကောင်းသီးနှံများထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများဖြင့် ပံ့ပိုးကူညီလျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောကဏ္ဍတစ်ခု ဖြစ်လာသကဲ့သို့ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်လာသောကြောင့် ပြည်ပမှတင်သွင်းရသည့် သွင်းကုန်များလျော့နည်းကာ ပြည်ပသို့ တင်ပို့ရောင်းချရသည့်ပို့ကုန်များ ပိုမိုဖွံ့ဖြိုးလာသဖြင့် နိုင်ငံခြား ဝင်ငွေများ ပိုမိုရရှိလာစေပါသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ကူညီပေးလျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို ရိတ်သိမ်းပြီးနောက် ထုပ်ပိုး၊ ပြင်ဆင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် သင်တန်းများပေးလျက်ရှိပြီး စိတ်ပါဝင်စားသူတောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့် တက်ရောက်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။


**ကျမ်းကိုး**

- **Myanmar Agriculture Service and Oxfam (၂၀၁၂)၊ "ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုနည်းပညာသင်တန်း" တောင်သူလက်စွဲ စာအုပ်။**
- **Antonio L. Acedo Jr and Katinka Weinberger (2010). "ဟင်းသီးဟင်းရွက်များ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ဈေးကွက် ဝင်ငွေတိုးရန် ရိုးရှင်းသော နည်းလမ်းများ"။ (မြန်မာဘာသာ)၊ AVRDC, The World Vegetable Center, GTZ-Regional Economic Development Program.**

# ရန်ကုန် - မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ် ၉၉/၆-၇ နေရာရှိ အစုန်ရထားလမ်းပေါ်၌ ယမန်နေ့ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်း ထိခိုက်ပျက်စီးခဲ့ပြီး တော်ဝိနှင့် ပိန်းဇလုပ် ရထားလမ်းပိုင်းအား နံနက် ၆ နာရီ မိနစ် ၂၀ တွင် ယာယီပိတ်ထားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ သံလမ်းနှစ်ချောင်း တစ်ပေခွဲခန့်စီ ပြတ်တောက်၍ ရထားလမ်းအောက်ခံမြေသား ခြောက်ပေပတ်လည်ခန့် ကျင်းဖြစ်ပေါ်ခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး တော်ဝိ-ပိန်းဇလုပ် အဆန်လမ်းပိုင်းအား နံနက် ၆ နာရီ မိနစ် ၃၀ တွင် ဧကလမ်းစနစ်ကျင့်သုံး၍ ရထားများဖြတ်သန်းခွင့်ပြုကာ အစုန်လမ်း၏ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် စတင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့်အမှတ် (၉၂၃-A)အဆန်ကုန်ရထားသည် ညောင်လေးပင်ဘူတာသို့ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၉၉၃) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ် (၉၂၃-B) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း အသီးသီးရောက်ရှိ ရပ်တန့်ထားခဲ့ရသည်။



ရန်ကုန် - မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲမှုကြောင့် ပျက်စီးမှုအခြေအနေ။



တော်ဝိ-ပိန်းဇလုပ် အဆန်လမ်းပိုင်းအား ဧကလမ်းစနစ်ကျင့်သုံး၍ ရထားများ ဖြတ်သန်းနေမှု။

ထို့အတူ လူစီးရထားများဖြစ်သော မန္တလေး-ရန်ကုန် အစုန်အထူးလူစီးရထားသည် ပဲနွယ်ကုန်းဘူတာသို့ ၇ နာရီ ၅၈ မိနစ်တွင်ရောက်ရှိ၍ ၁၀နာရီ မိနစ် ၄၀ တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၂ နာရီ ၄၇ မိနစ်၊ အမှတ်(၁၁) အဆန်လူစီးအမြန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၈နာရီ ၂၃ မိနစ်တွင်ရောက်ရှိ၍ ၁၀နာရီ ၂၅ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၂ နာရီနှင့် အမှတ်(၂) အစုန်စာပို့ရထားသည် ဒိုက်ဦးဘူတာသို့ ၉နာရီ ၄၅ မိနစ်တွင်ရောက်ရှိ၍ ၁၀နာရီ ၃၈ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၄၈ မိနစ် အသီးသီးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ဖျက်ဆီးခြင်း(၇၉) ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း (၁၇၄) ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား နှစ်ဦးအား ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မနွယ်နီဝင်းနှင့် မချစ်စုစုကျော် နှစ်ဦးတို့ကို အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တပ်မတော်လေယာဉ်အကြုံဖြင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။



နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများနှင့် မိဘဆွေမျိုးများသည် ယခုကဲ့သို့ကူညီဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှလုံးရောဂါခံစားရသည့် အာဖဂန် ကလေးငယ် ၄၀၄ ဦးကို အခမဲ့ကုသပေး

**ကဘူးလ် ဒီဇင်ဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ လွန်ခဲ့သည့် ကိုးလအတွင်း မွေးရာပါနှလုံးရောဂါ (CHD) ရှိသည့်ကလေးငယ် ၄၀၄ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း အာဖဂန်လခြမ်းနီအသင်းမှ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောသည်။

နိုင်ငံတစ်ဝန်း မွေးရာပါ နှလုံးရောဂါ ခံစားနေရသည့် ကလေးငယ် ၃၀၅၀၀ ရှိသည့်အနက် ၄၀၄ ဦးကို အခမဲ့ခွဲစိတ်ပေးခဲ့ကြောင်း အာဖဂန်လခြမ်းနီအသင်းက ပြောသည်။ ကလေးတစ်ဦးချင်းစီအတွက် ကုသမှုမှာ အမေရိကန်ဒေါ်လာ ၇၅၀ မှ ၂၃၅၀ ကြားရှိသည်ဟု သိရသည်။ ကုသခံရသည့် ကလေးအများစုသည် ဝင်ငွေနည်းသော မိသားစုများမှ ဆင်းသက်လာသူများဖြစ်ပြီး စီးပွားရေးကျပ်တည်းမှုကြောင့် ဆေးကုသမှု မတတ်နိုင်သည့် မိသားစုများမှ ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

*နိုင်ငံတကာသတင်း*

# တောင်ဆူဒန်၌ ကာလဝမ်းရောဂါကြောင့် သေဆုံး ၆၀ ရှိလာ

**ဂျူဘား ဒီဇင်ဘာ ၁၄**

တောင်ဆူဒန်နိုင်ငံ၌ လွန်ခဲ့သည့် အောက်တိုဘာလအတွင်းမှစတင်၍ ဖြစ်ပွားခဲ့သည့် ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၆၀ အထိ ရှိလာပြီဟု အစိုးရအရာရှိတစ်ဦးက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောသည်။ ထို့ကြောင့် တောင်ဆူဒန်အစိုးရသည် ကာလဝမ်းရောဂါ ပျံ့နှံ့မှုကို တားဆီးကာကွယ်ရေး ကြိုးပမ်းအားထုတ်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၆၀၀၀ ရှိပြီး သေဆုံးသူ ၆၀ ရှိပြီဟု သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီး မိုက်ကယ်မာကူအီက ပြောသည်။

လူပေါင်း ၁၅၀၀၀၀ အတွက် လုံလောက်သည့် ကာကွယ်ဆေး ပထမအသုတ်ရောက်ရှိပြီးနောက် နောက်ထပ်ကာကွယ်ဆေးများ ရရှိရန်လည်း ကြိုးပမ်းလျက်ရှိသည်ဟု တောင်ဆူဒန်မြို့တော် ဂျူဘားတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ဆက်ပြောသည်။ အိမ်နီးချင်းဆူဒန်နိုင်ငံမှ ထွက်ပြေးလာသည့် ဒုက္ခသည်များ ထားရှိရာစခန်းတွင် အောက်တိုဘာ ၂၈ ရက်က ကာလဝမ်းရောဂါ ကူးစက်ခံရမှုကို ပထမဆုံးတွေ့ရှိခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ထိခိုက်လွယ်သည့် လူများကို ကာကွယ်ဆေးထိုးပေးရန် ကာကွယ်ဆေးအလုံးရေတစ်သန်းခန့် လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီး ယိုလန်ဒါအဝဲဒန်က ပြောသည်။ ဒုက္ခသည်များ၊ နေရပ်ပြန်များနှင့် ဒေသခံများမှာ ကာလဝမ်းရောဂါဖြစ်ပွားမှုကို အခံရဆုံးလူများဖြစ်သည်။ သန့်ရှင်းသော ရေမရရှိခြင်း၊ မိလ္လာစနစ်ညံ့ဖျင်းခြင်း၊ လူဦးရေများပြားစွာ နေထိုင်ရခြင်းတို့ကြောင့် ရောဂါကူးစက်ပျံ့နှံ့စေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ **ဆင်ဟွာ**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

**မြောင်းမြ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဒီဇင်ဘာ ၁၃ ရက်က မြန်မာယူနီယံ မြော်လင့်ခြင်းဓမ္မတက္ကသိုလ်၌ သရုပ်ပြသည်။ **(ယာပုံ)**

ဦးစွာ မြောင်းမြခရိုင်မီးသတ်ဦးစီးဌာန ဒုခရိုင်ဦးစီးမှူး ဦးဇော်မင်းက Electric vehicle ယာဉ်များ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တက္ကသိုလ်မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မီးသတ်စခန်းမှူး ဦးမင်းလွင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**



## မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ၌ မိုးစပါး(YSR )စံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**မိတ္ထီလာ ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့က ဦးစီးကျင်းပသော မိုးစပါး စံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် သီးကုန်းကျေးရွာ ဦးပိုင်အမှတ် (၁၉၀/၁) ကွင်းအမှတ် (၈၈၂) ရှိတောင်သူဦးဖိုးထောင်၏ မိုးစပါး (YSR) စိုက်ဧက ၁ ဒသမ ၅၈ ဧက တွင် ရိတ်သိမ်းခဲ့သည်။

မိုးစပါး (YSR)စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်စိုးရွှေ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ သီးကုန်းကျေးရွာရှိ တောင်သူ ဦးဖိုးထောင်၏ စိုက်ဧက ၁ ဒသမ ၅၈ ဧကရှိ ကောင်းအဆင့်အလွှာ မိုးစပါး (YSR)ကို ရိတ်သိမ်းခဲ့ရာ မိုးစပါး (YSR)စိုက်ဧက တစ်ဧက စပါးတင်း(အစို) ၁၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသ

**ဓနုဖြူ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများကို ဒီဇင်ဘာ ၁၃ရက်က ကန္တနကျွန်းသာကုမ္ပဏီလီမိတက်ရုံးရှေ့၌ ဆောင်ရွက်သည်။ **(ယာပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက မြို့နယ်အတွင်းရှိ စက်ရုံ အလုပ်ရုံများအတွင်း မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာရမည့် အချက်များ မီးဘေးအန္တရာယ် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်**
**(ပြန်/ဆက်)**

## မြောင်းမြမြို့၌ စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းအတွက် သွင်းအားစုများပေးအပ်



**မြောင်းမြ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မဒေါ့ပင်စံပြကျေးရွာရှိ မြစံပယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ မြို့နယ်သမဝါယမဦးစီးဌာန၊ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေးသွင်းအားစု ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ရွှေပြည်အေးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်က မြစံပယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ ၄၂ ဒသမ ၅၄၉ ကျပ်သန်းတန်ဖိုးရှိ သွင်းအားစုပစ္စည်းများ ထုတ်ပေးခဲ့ပြီး လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြောင်းမြခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ သွင်းအားစုလုပ်ငန်း မြို့နယ်အဆင့် ကော်မတီဝင်များ၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ဒေးဒရဲမြို့၌ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်

**ဒေးဒရဲ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက တစ်မျိုးသားလုံး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေး အတွက် ဒီဇင်ဘာလ (ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်၍ မြို့တွင်းလမ်းမများနှင့် ဒေးဒရဲတံတားကားလမ်းမတစ်လျှောက်တွင် စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ပျော်ပါးပါး စုပေါင်းဆင်နွှဲခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင် ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ကြပြီး လမ်းလျှောက်ပွဲအပြီးတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိဒ္ဓိအောင်**



## အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

**ဖျာပုံ ဒီဇင်ဘာ ၁၄**

ဖျာပုံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ကျေးလက်နေပြည်သူများအား ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို ဒီဇင်ဘာလ ၁၄ ရက် နံနက် ၈ နာရီခွဲ၌ ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာရှိ ကျုံကဒွန်းတိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ကွင်းဆင်းကြည့်ရှု အားပေးသည်။ အဆိုပါ ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်ရာတွင် ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်း ဦးဆောင်လျက် အထူးကုဘာသာရပ်များဖြစ်သော ဆေးပညာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေးကျန်းမာ၊ မျက်စိ၊ အရိုး၊ သွားနှင့် ခံတွင်း၊ ဓာတ်မှန်၊ နား၊ နှာခေါင်း လည်ချောင်း၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးတို့မှ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သက်ဆိုင်ရာလက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများပါဝင်သော ကုသရေးအဖွဲ့မှ ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူ ၄၅၉ ဦးအား ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြူကန်ကျေးရွာရှိ တောင်သူ ဦးအောင်ငွေ၏ မိုးစပါးရောမင်းစိုက်ခင်းတွင် ၀.၁၀ စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့ရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်/ညှိအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် မြို့နယ်စိုက်/ညှိအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများက ကြည့်ရှုလေ့လာစဉ်။ (အဆိုပါစံကွက်တွင် တစ်ဧကလျှင် အစို ၉၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။)

**မောင်ကျော်ကြီး**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရေနံချောင်းတက္ကသိုလ်
## တတိယအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်

ရေနံချောင်းတက္ကသိုလ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသူများအတွက် ရေနံချောင်းတက္ကသိုလ်၏ တတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ရေနံချောင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင် ပထမနေ့ (ပထမပိုင်း)**

**(၁၇-၁-၂၀၂၅)ရက်၊ သောကြာနေ့၊ နံနက် (၉:၀၀)နာရီ**

| | | |
|---|---|---|
| မဟာဝိဇ္ဇာ(ဘွဲ့) | - | မြန်မာစာ၊ ပထဝီဝင် |
| မဟာသိပ္ပံ(ဘွဲ့) | - | ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့) | - | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း |
| သိပ္ပံ(ဂုဏ်ထူးဘွဲ့) | - | သင်္ချာ |
| ဝိဇ္ဇာ(ဘွဲ့) | - | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင် |
| သိပ္ပံ(ဘွဲ့) | - | ဓာတုဗေဒ၊ သတ္တဗေဒ |

**ပထမပိုင်းအစမ်းလေ့ကျင့်ရက်(၁၆-၁-၂၀၂၅)ရက်၊**
**ကြာသပတေးနေ့၊ နံနက် (၉:၀၀)နာရီ**

**ဘွဲ့နှင်းသဘင် ပထမနေ့ (ဒုတိယပိုင်း)**

**(၁၇-၁-၂၀၂၅)ရက်၊ သောကြာနေ့၊ မွန်းလွဲ (၂:၀၀)နာရီ**

| | | |
|---|---|---|
| မဟာဝိဇ္ဇာ(ဘွဲ့) | - | သမိုင်း |
| မဟာသိပ္ပံ(ဘွဲ့) | - | သင်္ချာ၊ သတ္တဗေဒ |
| သိပ္ပံ(ဂုဏ်ထူးဘွဲ့) | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာ(ဘွဲ့) | - | သမိုင်း |
| သိပ္ပံ(ဘွဲ့) | - | ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ |

**ဒုတိယပိုင်းအစမ်းလေ့ကျင့်ရက်(၁၆-၁-၂၀၂၅)ရက်၊**
**ကြာသပတေးနေ့၊ နံနက် (၉:၀၀)နာရီ**

၁။ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို (၁၄-၁-၂၀၂၅) ရက်နေ့မှစ၍ ရေနံချောင်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်ထုတ်ယူရမည်ဖြစ်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူကြမည့် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသားများသည် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်မည်ဆိုပါက ဝတ်စုံပြည့်ဝတ်ဆင်ရမည်)တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။ အမျိုးသားများကို နားကွင်း၊ နားကပ်၊ ဝတ်ခွင့်မပြု။အမျိုးသမီးများကို သုံးလွှာလုံချည်ဝတ်ခွင့်မပြု။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ပျက်ကွက်သူများနှင့် အဝေးရောက်ဘွဲ့လျှောက်ထားသူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆)လအတွင်း ထုတ်ပေးမည်ဖြစ်ပါသည်။

**ရေနံချောင်းတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် D (ဒီ)၊ ဦးပိုင်အမှတ် (၁၄၄)၊ ၆၆(ဘီ)လမ်း၊ ၁၀၅x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ခိုင်၏ (SP ရရှိသူ ဦးသန်းကိုကို)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၅၁၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သိန်း ၅/တမန(နိုင်)၀၀၄၈၀၅က အမှုတွဲအမှတ် (၅၄၆၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၄၂-ဃ/ခ)၊ မြေဧရိယာ ၀ဒသမ ၁၀၁ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်မလေး ၁၂/ရကန(နိုင်)၀၁၁၈၀၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရေနံချောင်းတက္ကသိုလ်
## တတိယအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း
## (နေ့သင်တန်း/အဝေးသင် သင်တန်း)

ရေနံချောင်းတက္ကသိုလ် နေ့သင်တန်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ၂၀၂၄ ခုနှစ်၊ မတ်လ နှင့် စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ(ဘွဲ့)၊ မဟာသိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့်ကျောင်းသား/ကျောင်းသူများသည် ရေနံချောင်းတက္ကသိုလ်၏ တတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

ရေနံချောင်းတက္ကသိုလ် အဝေးသင်သင်တန်းမှ ၂၀၂၄ ပညာသင်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ရေနံချောင်းတက္ကသိုလ်၏ တတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - | ၁၅၀၀၀/- (ကျပ်တစ်သောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀၀/- (ကျပ်တစ်သောင်တိတိ) |
| **လျှောက်လွှာတင်သွင်းမည့်ရက်** | - | (၁၆-၁၂-၂၀၂၄) ရက်နေ့မှ (၃၁- ၁၂ -၂၀၂၄)ရက်နေ့အထိ |

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများသည် ရေနံချောင်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။

၂။ အဝေးသင်ကျောင်းသား၊ ကျောင်းသူများသည် သတ်မှတ်လျှောက်လွှာပုံစံဖြင့် ရေနံချောင်းတက္ကသိုလ် အဝေးသင်သင်တန်းတွင် လျှောက်ထားရမည်။

၃။ သတ်မှတ်ဘွဲ့နှင်းကြေးများကို ရေနံချောင်းတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။

၄။ လွန်ခဲ့သော(၃)လအတွင်းရိုက်ကူးထားသော(၂ x ၁ $\frac{၁}{၂}$)လက်မဓာတ်ပုံ (၃)ပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံများကို စနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၅။ ဘာသာရပ်အသီးသီးမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည် ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်နေ့ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ရေနံချောင်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**ရေနံချောင်းတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၆၊ ဦးပိုင်အမှတ်(၂၁)၊ ၆၈X၆၉ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်စိန် ၅/မရန(နိုင်)၀၂၅၀၂၉က အမှုတွဲအမှတ်(၅၆၇၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/10229, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်ဟိန်း ၁၄/ပတန(နိုင်) ၁၈၆၅၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/49115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသက်ခိုင် ၉/မခန(နိုင်)၂၅၅၇၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2) အကွက်အမှတ် (တ-၀၂) မြေကွက်အမှတ် (၁၃၀၀) အကျယ်အဝန်း(၄၀ x ၆၀)ရှိ မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၁၃၄၃/၂၀၂၀)အရ ဒေါ်တိုးတိုးဝင်း ၁၂/တတန(နိုင်) ၀၀၂၅၇၃အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းမှမိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့်၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညိုမာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဂန္ဓမာလမ်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၁)နေ ဦးခင်ဝင်း (၁၁/ကဖန(နိုင်)၀၇၉၈၁၇)နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဇေယျာသီရိလမ်း၊ အမှတ်-၁၂(A)၊ VIP Beauty Saloon နေ ဒေါ်ချယ်ရီချို (၁၂/ဒဂတ (နိုင်)၁၄၉၂၅၇) တို့သည် (၁၉-၂-၂၀၁၉)ရက်မှစ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသော်လည်း ယခုအခါတွင် လင်ခန်းမယားခန်း ပြတ်စဲ သည်မှာ (၁)နှစ်ကျော်ခန့်ရှိပြီဖြစ်ရာ ဒေါ်ချယ်ရီချို ၏ ငွေကြေးနှင့်ပတ်သက်သည့် အရှုပ်အရှင်းများသည် ဦးခင်ဝင်းနှင့် ပတ်သက်ဆက်နွယ်မှု လုံးဝ(လုံးဝ)မရှိပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ)သက်ဆိုင်မှုမရှိ၍ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝေမွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၇)**
**အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## အရွယ်မရောက်သေးသူ အုပ်ထိန်းခွင့်နှင့်ပတ်သက်၍ အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သန္တာအောင် (၅/တဆန(နိုင်) ၁၆၅၃၁၀) မှ အသက်(၉)နှစ်ခန့် အရွယ်မရောက်သေးသည့် သားဖြစ်သူ မောင်လင်းဒီရမှုူးအား မြဝတီမြို့၊ ရွှေမြဝတီဈေးသစ်၊ အမှတ်(၄)နေ ခဲအိုဖြစ်သူ ဦးအောင်ကိုကို (၇/ပမန(နိုင်) ၂၁၀၂၂၀) နှင့် အစ်မဖြစ်သူ ဒေါ်အေးသန္တာအောင် (၅/တဆန(နိုင်)၁၆၅၃၀၉) တို့ထံ မိမိကိုယ်စား အုပ်ထိန်းသူများအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားရန် အပ်နှံပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဝေမွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၇)**
**အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘိုးဘုံရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၇)နေ ဦးသန်းဦး (၇/ဝမန(နိုင်)၀၀၄၃၉၃)နှင့် ဒေါ်သန်းဝင်း (၇/ဝမန(နိုင်)၀၆၂၆၁၆) (ခိုင်သဇင်အောင် ရတနာရွှေဆိုင်) တို့၏သား မောင်ကောင်းမြတ်ဇော် (၇/ဝမန(နိုင်)၁၃၅၂၁၆) သည် ဖခင်၊ မိခင်တို့၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို မိသားစုများဂုဏ်သိက္ခာ ထိခိုက်အောင်ပြုလုပ်ခဲ့သည့်အတွက် ယနေ့ကြေညာသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ကောင်းမြတ်ဇော်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **ဦးသန်းဦး** | **ဒေါ်သန်းဝင်း** |
| ၇/ဝမန(နိုင်)၀၀၄၃၉၃ | ၇/ဝမန(နိုင်)၀၆၂၆၁၆ |

**အမှတ် ၃၇၊ မင်းလမ်း၊ ဘိုးဘုံရပ်ကွက်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/6944 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၇၉၊ ဦးပိုင်အမှတ် ၂+၃-က၊ ၈၄လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးရက်ရာဂျ်မီရာ(ခ)ရာဂျူး(ခ)မျိုးညွန့် ၉/မနမ(နိုင်)၀၃၁၂၂၀က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ (၉/၁၀)၊ တပင်ရွှေထီးလမ်းနေ(ဘ)ဦးအောင်ငွေး၏သား ဦးကိုကို ၁၄/လပတ(နိုင်) ၁၆၀၆၁၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၀၃၁၀၅၆၆**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဦးကျော်ရှိန် ၏ သား မောင်ထွန်းနိုင် ၇/တငန(နိုင်) ၁၆၄၀၁၄၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၁၃၄၅၀၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/16356, Honda C70K ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သက်စိုး ၉/မနမ(နိုင်)၀၉၂၅၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/7702, Honda FIT GE6, HATCH BACK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဦး ၅/ဝလန(နိုင်)၀၄၆၀၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/7556, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနန္ဒီ ၉/လဝန(နိုင်)၁၉၉၃၅၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာစုကန်၊ အမှတ်(၄)လမ်းမကြီးအနီး၊ သာစုကန်ဘုရားဘေး၊ မြေပိုင်မြေ၊ ပြည်နယ်နှင့် တိုင်းများမှ ရန်ကုန်တွင် အဖွဲ့လိုက်အခြေချနေလိုသူများအတွက် ကေကွက်ကြီး၊ 1Sqft ကို ငွေကျပ် 45,000/- ဈေးဖြင့်ရမည့်ခြံကြီး၊ ပုဂ္ဂလိကကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံဖွင့်ရန် နေရာကောင်း၊ အိမ်ရာကွက်ဖော်လိုသူများ၊ အပန်းဖြေစခန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ မြေကေ(၁၅)ကေကျော်။

ကျပ်သိန်း (300,000)

ဖုန်း - 09-5178979, 09-451146685, 09-420005824


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၈)၊ ဗိုလ်စောဦးပန်းခြံလမ်း၊ မြေကွက်အမှတ်(၄၁၁)ဟု ခေါ်တွင်သော အလျား(၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်အခြမ်း အလျား(၃၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၁၈၀၀)စတုရန်းပေ အကျယ်အဝန်းရှိသော ဗိုလ်မှူးဆန်းဝေလွင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပိုင်ရောင်းချသူ ဒေါ်ဟန်နီဆုဇင် (၁၂/ရပသ(နိုင်)၀၂၀၄၅၀)မှ ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စျာန် (L.L.B) (စဉ်-၅၀၄၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်အိမ်ရာ၊ City Villa မြေကွက်အမှတ်(၁၉၉)၊ ( ၂၄၀၀ ) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုံးချင်းနေအိမ်အတွင်းပစ္စည်း၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်စုစုရီ (ခ) ဒေါ်နီနီ (၁၂/လသန (နိုင်) ၀၀၄၀၁၃) နှင့် ဦးဂိုကွန်ရှ (ခ) မောင်မောင်ဝင်း (၁၂/ကတတ (နိုင်) ၀၂၆၀၆၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးခွန်ရန်နောင် (၁၃/ဆဆန (နိုင်)၁၂၃၄၁၄) နှင့် ဒေါ်ခင်နှင်းစိုး (၁/မညန (နိုင်) ၁၅၂၈၉၄) တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြညွန့် B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၃၀၆၀၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန္တာမြင့် ၁၂/သဃက (နိုင်)၁၁၅၂၀၃ ၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**ဖုန်း-၀၉-၇၆၄၆၇၄၉၄၈**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (၇၅)၊ မြေကွက် အမှတ် (၁၀၉/E)၊ ဧရိယာ (၀.၁၂၅)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်၊ တနည်းအားဖြင့် အမှတ် (၁၀၉/E)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော (၀.၁၂၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်ဟေမာန်ဝင်း (၁၂/ဗတထ(နိုင်)၀၄၄၄၀၈) အမည်ဖြင့် မှတ်သားထားပါသည်။ ၎င်းမြေကွက်သည် မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ထွန်း (ခ) ဦးခင်တင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ပတ်စ်ပို့ပျောက်

ကော့သောင်းမြို့နေ (ဘ) ဦးထွန်းနု၏သား မောင်ခိုင်မိုးထွန်း ၁၁/ကဖန(နိုင်)၀၇၇၁၆၅ ၏ ပတ်စ်ပို့နံပါတ် MD-85955 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၁၉၆၀၄၅၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၂-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၅)တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် (၄၀x၆၀)ပေအကျယ် အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (၂၀x၆၀)ပေအကျယ် အစား (၄၀x၆၀)ပေအကျယ်၏ အမှတ် (၁၄၈)နှင့် ကပ်လျက်ကျန်ရှိသော (၂၀x၆၀)ပေအကျယ် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၁၊ ဦးပိုင်အမှတ် ၆၅-ဂ/၆၈X၆၉ကြား၊ AXBလမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဇနီး ဒေါ်သိဂီထွန်း ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးဇော်ထွန်း ၈/မကန(နိုင်)၀၀၀၇၆၆ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၁၊ ဦးပိုင်အမှတ် ၆၅-ခ/၆၈X၆၉ကြား၊ AXBလမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဇနီး ဒေါ်သိဂီထွန်း ကွယ်လွန်၍ ကျန်ရစ်သူ ခင်ပွန်း ဦးဇော်ထွန်း ၈/မကန(နိုင်)၀၀၀၇၆၆ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၅၀၊ ဦးပိုင်အမှတ် (၅၈-ခ)၊၇၀x၇၁လမ်းကြား၊ ၃၂x၃၃လမ်းကြားရှိ ဒေါ်အေးအေးဝင်း၊ ဦးအောင်ဆန်းဦး အမည်ပေါက် ဘိုးဘမြေကွက်အား ပူးတွဲအမည်ပေါက်သူ ဦးအောင်ဆန်းဦး (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၂၁၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော အစ်မဖြစ်သူ ဒေါ်အေးအေးဝင်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၃၉၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်သင်း ၉/မရတ(နိုင်)၀၇၀၆၇၇ကအမှုတွဲအမှတ်(၀၆၁၇/ဘ(ပြောင်း)၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန္တာဇာမဟီရပ်ကွက်၊ အကွက်အမှတ် ၆၃၃၊ ဦးပိုင်အမှတ် (၄၁)၊ ၃၃လမ်း၊ ၇၆x၇၇လမ်းကြားရှိ ဦးအေးမောင်၊ ဒေါ်အောင်မေ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးအေးမောင်၊ မိခင်ဒေါ်အောင်မေ၊ သားဦးကျော်ဇော၊ ဇနီး ဒေါ်စန်းစန်းယဉ်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၇၁၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီး၊ မြေးများဖြစ်ကြသည့် ဦးကျော်ရင်၊ ဒေါ်ဌေးဌေးစန်း၊ ဒေါ်အေးအေးစမ်း(ခ)အေးအေးစန်း၊ ဦးကျော်လွင်၊ ဒေါ်စန်းစန်းထွေး၊ ဦးသီဟကျော်၊ ဒေါ်ဆုရည်ကျော်တို့၏(SPရရှိသူ ဦးကျော်ကျော်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၆၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးသဇင်ဦး ၁၃/နဆန(နိုင်)၀၃၅၇၉၆ကအမှုတွဲအမှတ်(၀၆၁၆/ဘ(ပြောင်း)၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဗ-၁၆၊ ဦးပိုင်အမှတ်(၁၂-ခ)၊ ၁၁၄လမ်းနှင့် ၅၅လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဌေး၏(GPရရှိသူ ဒေါ်မေစင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဟော်ရှင်စင်း ၁/ဝမန(ဧည့်)၀၀၀၂၃၅ ဒေါ်ကေအိမ်စံ ၁/ဝမန(နိုင်)၀၉၃၇၁၄တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၄၆၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၁၀၊ ဦးပိုင်အမှတ်(၁)၊ ၁၀၆လမ်း၊ လမ်း ၅၀(A) ထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်၏(SPရရှိသူ ဦးသက်နိုင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၂၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တွမ်ပြီကျင့် ၁၃/တမည(နိုင်)၀၀၂၄၅၈ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၄၆၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၆၊ ဦးပိုင်အမှတ် ၂၂(ခဲစင်း)၊ ၅၄လမ်း၊ ၁၁၄X၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ရွှေယုံ ၉/အမရ(နိုင်)၀၁၆၀၈၃၏(SPရရှိသူ ဦးကျော်လွင်ဦး)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၄၆၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6455 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၄၉၉၅၉, Hero Duet 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းစိုး ၅/မမတ (နိုင်) ၀၈၅၈၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/43781, Honda Scoopyi 110, M/C အမည်ပေါက်သူ/ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုပြည့်ဖြိုး ၁၄/ဝခမ(နိုင်)၃၄၇၆၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရီရီဌေး ၉/မနတ (နိုင်)၀၂၄၃၆၂ ပိုင်ဆိုင်သော လကမ္ဘာ/၁၃၄၈၉ ရေယာဉ်၏ လုပ်ငန်းလိုင်စင်အမှတ် (က-၃)/၀၃၄၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၉၇၂၇၁၆၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက-နတ်စင်ကုန်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ထွေး ၇/တငန(နိုင်) ၀၅၃၇၃၁ ၏ ဖခင်အမည် ဦးဟံထွေးနှင့် ဦးဟန်ထွေး ၇/တငန(နိုင်)၀၅၃၈၃၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟံထွေး (ခ)ဦးဟန်ထွေး**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၂-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ (၂၇) ၏ ကြော်ငြာစာတွင် အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၂၇) အစား အကွက်အမှတ်(သ-၁) ဦးပိုင်အမှတ်၊ ၂၇(ခဲစင်း) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ ကျေးရွာအမည်- အင်းတကော်၊ ကွင်းအမှတ်-၁၁၆၆၊ ကွင်းအမည်- ပျဉ်းမငူစားကျက်ကွင်း၊ ဦးပိုင်အမှတ်-(N/၁၁၃)ဟုခေါ်တွင်၍ဒေါ်သီသီလွင်အမည်ပေါက် မြေခွန်ပေးဆောင်ထားသည့် (G3)ဥယျာဉ်ခြံမြေအမျိုးအစား အကျယ်အဝန်း(၅၆၀x၄၁၀)ပေ၊ (၃.၁၀) ဧကကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင်ဆောက်လုပ်ထားသော ရေမီးအပြည့်အစုံပါ အဆောက်အအုံ(၂)လုံး၊ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြေစာအမည်ပေါက်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သီသီလွင်(၁၂/ရကန(နိုင်) ၀၃၆၄၈၉)က အရှုပ်အရှင်းကင်းရှင်း၍ မိမိတွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအိန္ဒြေထွန်း(၁၃/မကန(နိုင်) ၀၈၈၆၅၁) က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ -**

**ဒေါ်ထက်ထက်အောင်(LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၆၅)၊ မြေဧရိယာ(၀.၀၇၂)ဧကရှိမြေကွက်သည် ဦးအောင်ဂျာ၊ ၁/မကတ(နိုင်)၀၉၁၃၂၆ အမည်ဖြင့်မြို့ မြေခွန်ပြေစာစည်းကြပ်လျက်ရှိ ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးအောင်ဂျာအမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှု အားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၆၊ ဦးပိုင်အမှတ် ၂၂(ခဲစင်း)၊ ၅၄လမ်း၊ ၁၁၄X၁၁၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ဒေါ်ရွှေယုံ ၉/အမရ(နိုင်)၀၁၆၀၈၃၏ (SPရရှိသူ ဒေါ်ဖြိုးမွန်ဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ် (၅၄၆၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၆၅၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၅၄၃၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၃၀၆၆၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ ဟ/၉၀၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၁၀/ခဆန(နိုင်) ၀၉၅၂၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/04819, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်း ၁၄/သပန(နိုင်) ၀၉၁၆၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 51W/63472, Dayang-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သန်းဦး ၁၄/အမန(နိုင်) ၀၈၃၆၃၈ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51677, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇင်ဖြိုးပိုင် ၁၄/ဝခမ(နိုင်)၁၁၇၂၈၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၁ နှင့် ၅ )**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉**

ဦးဇော်ရိန် နှင့် ၁။ဦးဒေါင်ခေါင်
၂။ဒေါ်အားဝူမီး
(တရားလို ) (တရားပြိုင်များ)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ၊ အမှတ်(လက-၇၃)၊ လယ်ကုန်းရပ်ကွက်နေ တရားပြိုင် ဦးဒေါင်ခေါင်နှင့် ဒေါ်အားဝူမီး (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

